# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၇၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်သုံးဆီများ ဖူလုံစွာရရှိရေးနှင့်သုံးစွဲမှုများ စနစ်တကျဖြစ်စေရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# စက်သုံးဆီများ ဖူလုံစွာရရှိရေးနှင့် သုံးစွဲမှုများစနစ်တကျဖြစ်စေရေး အစည်းအဝေးကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၂၄**

စက်သုံးဆီများ ဖူလုံစွာရရှိရေးနှင့် သုံးစွဲမှုများ စနစ်တကျဖြစ်စေရေး အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

**ယနေ့ ဖတ်စရာ**


**တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ** — လွှတ်တော်ရေးရာ ➢ စာ - ၄

**တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ** — လွှတ်တော်ရေးရာ ➢ စာ - ၅

**၂၀၂၆ ခုနှစ် နေပြည်တော်လမ်းလျှောက်သကြၤန်အား နေပြည်တော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်** — လွှတ်တော်ရေးရာ ➢ စာ - ၅

**ရုရှားအကူအညီဖြင့် ဗီယက်နမ်နိုင်ငံ၌ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်မည်** — နိုင်ငံတကာသတင်း ➢ စာ - ၁၄

- ❖ မီးရထားခရီးစဉ်များ၊ အဝေးပြေးဘတ်စ်ကားခရီးစဉ်များ အစရှိသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်သုံးဆီများကို မဖြစ်မနေဖြည့်တင်းဆောင်ရွက်ပေးသွားရမည်
- ❖ မီးရထားခရီးစဉ်များကို နယ်မြေဒေသအခြေအနေများအလိုက် တိုးချဲ့ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေး
- ❖ ပူတာအို၊ ခန္တီး၊ မြစ်ကြီးနား၊ ဟုမ္မလင်း၊ တာချီလိတ်၊ ကလေး၊ စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ မြိတ်၊ ကော့သောင်း စသည့် မော်တော်ယာဉ်ဖြင့် သွားလာရန်ခက်ခဲသည့် မြို့များသို့ လေကြောင်းခရီးစဉ်များကို ဦးစားပေးအနေဖြင့် မဖြစ်မနေ ပြေးဆွဲပေးသွားရမည်

○ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ၌ ယခုလက်ရှိအချိန်တွင် ဖြစ်ပွားလျက်ရှိသည့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စက်သုံးဆီများရှားပါးမှုကို နိုင်ငံတိုင်းတွင်ကြုံတွေ့နေရပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း အဆိုပါအခက်အခဲကို ကျော်လွှားဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီကာလအတွင်း မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကျင်းပချိန်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ယခင်နှစ်ကလည်း မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သင်္ကြန်ပွဲတော် ကို အကန့်အသတ်ဖြင့်သာကျင်းပရန် မေတ္တာရပ်ခံခဲ့ရကြောင်း၊ ယခုနှစ်တွင်လည်း စက်သုံးဆီကန့်သတ်ချက်များကြောင့် အတာသင်္ကြန်ပွဲတော်ကျင်းပမှုကို အကျပ်အတည်း မဖြစ်စေလိုကြောင်း။

ပြည်တွင်းစက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် မကြာမီကာလက မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ သုံးစွဲမှုနှင့် ဆီဖြည့်သွင်းမှုကို စုံ/မ အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ QR Code များအသုံးပြု၍ ဆီဖြည့်ခြင်းစနစ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာ ဆောင်ရွက်ကြရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း။

**စဉ်းစားဆောင်ရွက်**

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခသည် အချိန်ကာလအားဖြင့် မည်မျှကြာမြင့်မည်ကို မိမိတို့အနေဖြင့်မသိရှိနိုင်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးနှင့် အများပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် မီးရထားများတိုးချဲ့ပြေးဆွဲခြင်းနှင့် အများပြည်သူသုံး ဘတ်စ်ကားလိုင်းများ ပုံမှန်အတိုင်း ပြေးဆွဲနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်သွားကြရန် လိုကြောင်း၊ အများ ပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလာမှုများ အဆင်ပြေချောမွေ့စေရေး တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**အသီးသီးရှင်းလင်းတင်ပြ**

ထို့နောက် တက်ရောက်လာကြသူများက နိုင်ငံအတွင်း ရောက်ရှိပြီးဖြစ်သည့် စက်သုံးဆီများ၏ လက်ကျန်အခြေအနေများ၊ ပြည်ပမှဆီတင်သင်္ဘောများ ထပ်မံရောက်ရှိမည့်အခြေအနေများ၊ ပြည်တွင်း စက်သုံးဆီရှားပါးမှု အခက်အခဲကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများမှ စက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပြည်တွင်းစက်သုံးဆီ သိုလှောင်နိုင်မှုအခြေအနေများ၊ စက်သုံးဆီများကို အမှန်တကယ်အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ စနစ်တကျဖြင့် ရောက်ရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အများပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် မီးရထားခရီးစဉ်များအလိုက် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်းနှင့် ရထားစီးခရီးသည်များ ပိုမိုအဆင်ပြေစွာစီးနင်းလိုက်ပါနိုင်ရေး တွဲပိုများ ချိတ်ဆက်ပြေးဆွဲခြင်းကို ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်အား စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)မှ ထုတ်လုပ်ထားသည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြု ပြေးဆွဲဆောင်ရွက်သွားမည့်အခြေအနေများ၊ ပြည်တွင်းလေယာဉ်ခရီးစဉ်များ ဆက်လက်ပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စက်သုံးဆီသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များအပေါ် စည်းကမ်းလိုက်နာမှုမရှိသည့် မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များအား ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်အား မြို့နယ်များအလိုက် လမ်းလျှောက်သင်္ကြန်ဖြင့် စနစ်တကျကျင်းပဆောင်ရွက်သွားရန် လျာထားဆောင်ရွက်သွားမည့်အခြေအနေများ၊ သင်္ကြန်ပွဲတော်ကာလအတွင်း စက်သုံးဆီသုံးစွဲမှု များပြားမှုမရှိစေရေးအတွက် မော်တော်ယာဉ်သုံးစွဲမှုများကို စနစ်တကျဖြင့် သတ်မှတ်ဆောင်ရွက်သွားသင့်သည့် အခြေအနေများ၊ စက်သုံးဆီရောင်းဝယ်မှုများကို ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များအပေါ် လိုက်နာမှုမရှိဘဲ ရောင်းဝယ်နေမှုများအား အရေးယူဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များအား ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဆိုပါက ဆီသုံးစွဲမှုများကို ပိုမိုလျှော့ချသွားနိုင်မည့် အခြေအနေများ၊ စက်သုံးဆီများအား တရားမဝင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်နေရာဒေသများသို့ ရောက်ရှိမှုမရှိစေရေး စနစ်တကျဖြင့်ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

**ချွေတာသုံးစွဲနိုင်ရေးဆောင်ရွက်**

တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြည်တွင်းစက်သုံးဆီသုံးစွဲမှုကို အကောင်းဆုံး စီမံခန့်ခွဲနိုင်ရန်လိုပြီး အရန်စက်သုံးဆီများကို သိုလှောင်ထားရှိနိုင်ရန်နှင့် ချွေတာသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်သုံးဆီများကို အမှန်တကယ်အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ ရောက်ရှိစေရေးနှင့် မှောင်ခိုရောင်းဝယ်မှုများမရှိစေရေး မသမာမှုပြုလုပ်ရောင်းဝယ်နေမှုများကို ထိထိရောက်ရောက် ဖော်ထုတ် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ စက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး ချိတ်ဆက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း။

မီးရထားခရီးစဉ်များ၊ အဝေးပြေးဘတ်စ်ကားခရီးစဉ်များ အစရှိသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်သုံးဆီများကို မဖြစ်မနေ ဖြည့်တင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မီးရထားခရီးစဉ်များကို နယ်မြေဒေသအခြေအနေများအလိုက် တိုးချဲ့ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပူတာအို၊ ခန္တီး၊ မြစ်ကြီးနား၊ ဟုမ္မလင်း၊ တာချီလိတ်၊ ကလေး၊ စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ မြိတ်၊ ကော့သောင်း စသည့်မော်တော်ယာဉ်ဖြင့် သွားလာရန် ခက်ခဲသည့် မြို့များသို့ လေကြောင်းခရီးစဉ်များကို ဦးစားပေးအနေဖြင့် မဖြစ်မနေပြေးဆွဲပေးသွားရမည် ဖြစ်ကြောင်း၊ အလားတူ အခြားသွားလာရန် ခက်ခဲသည့်ဒေသများသို့လည်း ဒုတိယဦးစားပေးအနေဖြင့် ပြေးဆွဲပေးသွားရန်လိုကြောင်း၊ မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ကာလအတွင်း စက်သုံးဆီသုံးစွဲမှုများပြားမှုမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများနှင့် မြို့နယ်များအလိုက် လမ်းလျှောက်သင်္ကြန်အဖြစ် နေရာများသတ်မှတ်၍ ကျင်းပပြုလုပ်သွားမည်ဆိုပါက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း၊ အများပြည်သူမဖြစ်မနေ အသုံးပြုလျက်ရှိသည့် အရေးပေါ်လူနာ သယ်ပို့သည့်ယာဉ်များ၊ လူမှုကူညီရေးယာဉ်များအတွက် စက်သုံးဆီ ဝယ်ယူခွင့်အား ဖြေလျှော့ပေးရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စက်သုံးဆီရှားပါးမှုကြောင့် သွားလာမှုများခက်ခဲပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်လာနိုင်ကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ပြည်သူများ မျှော်လင့်ထားသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်ခြင်းကြောင့် အများပြည်သူများ ပျော်ရွှင်စွာဖြင့် ရေသဘင်ဆင်နွှဲနိုင်ရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် စီမံဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံစွာရရှိစေရေး ဆောင်ရွက်ပေးရန်နှင့် ပြည်သူများအနေဖြင့် အကုန်အကျအသက်သာဆုံးဖြင့် သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ စက်သုံးဆီဈေးနှုန်းကြောင့် သွားလာမှုစရိတ်များ မြင့်မားလာမှုမရှိစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း ပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၄**

၂၀၂၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက မတ် ၂၄ ရက်ကို ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တီဘီ၊ တီဘီ/အိပ်ချ်အိုင်ဗွီ၊ ဆေးယဉ်ပါးတီဘီရောဂါအဖြစ် အများဆုံး နိုင်ငံ ၃၀ တွင်ပါဝင်ပြီး WHO South East Asia Region တွင် ဒုတိယမြောက် တီဘီလူနာသစ် ဖြစ်ပွားမှုအများဆုံးနိုင်ငံဖြစ်သဖြင့် တီဘီလူနာရှာဖွေကုသခြင်းကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို National TB Strategic Plan များ ရေးဆွဲပြီး မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တီဘီရောဂါရှာဖွေရေးလုပ်ငန်းများတွင် (Double X Strategy) ကို ကျင့်သုံးလျက်ရှိကြောင်း၊ အသက်ရှစ်နှစ်အောက်ကလေးများ၏ ဝမ်းနမူနာစစ်ဆေး၍ တီဘီပိုးရှာဖွေခြင်းနှင့် တီဘီရောဂါမဖြစ်အောင် ကာကွယ်ကုသဆေး (TPT) တိုက်ကျွေးခြင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ တီဘီရောဂါရှာဖွေရာတွင် AI နည်းပညာ (X-ray CAD)ကို အသုံးပြု၍ ရင်ခေါင်းဓာတ်မှန် ဖတ်ခြင်း အပြင် သယ်ဆောင်ရလွယ်ကူပြီး ဘက်ထရီဖြင့် အသုံးပြုနိုင်သော Portable Truenat စက်များကိုလည်း အသုံးပြုနေပြီဖြစ်ကြောင်း၊ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲနိုင်ရန် Integrated TB e-Surveillance System ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေး ဆောင်ပုဒ်ဖြစ်သည့် "တီဘီရောဂါကင်းဝေးဖို့ နိုင်ငံတော်က ဦးဆောင် လို့ပြည်သူ့အားဖြင့် ဆောင်ရွက်စို့" အတိုင်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၊ ကဏ္ဍပေါင်းစုံပူးပေါင်းကာ ပြည်သူတစ်ဦးချင်းစီတိုင်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

## ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှစ်ရပ်ဖွဲ့စည်းမှု အတည်ပြုပြီး ကော်မတီနှစ်ရပ် ထပ်မံဖွဲ့စည်းရေး လွှတ်တော်သို့ တင်ပြ

**နေပြည်တော် မတ် ၂၄**

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။(ယာပုံ)




ယနေ့ အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီ နှစ်ရပ် ဖွဲ့စည်းမှုကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ အတည်ပြုပြီး လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေး လွှတ်တော်သို့ တင်ပြသည်။

ဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၇၁ ဦး တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၄၆ ရှိသည့် အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

### အတည်ပြုမှတ်တမ်းတင်

ထို့နောက် အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်း တင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌအဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် အောင်လံ မဲဆန္ဒနယ်မှ ဦးတင်အောင်ချစ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လွှတ်တော် အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် အခွင့်အရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် လွှတ်တော်အခွင့် အရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်းနှင့် အတွင်းရေးမှူး အဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ငွေးတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ အဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦးနှင့် အတွင်းရေးမှူး အဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

### ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ဒဂုံမဲဆန္ဒနယ် | ဒေါက်တာ နန္ဒကျော်စွာ | ဥက္ကဋ္ဌ |
| ၂။ | သဃ်္ဃန်းကျွန်းမဲဆန္ဒနယ် | ဒေါ်သန်းသန်းအေး | အဖွဲ့ဝင် |
| ၃။ | ရေဦးမဲဆန္ဒနယ် | ဦးစိုးတင့်အောင် | အဖွဲ့ဝင် |
| ၄။ | နတ်တလင်းမဲဆန္ဒနယ် | ဦးတင့်လွင် | အဖွဲ့ဝင် |
| ၅။ | ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် | ဒေါက်တာ ထွန်းထွန်းဝင်း | အဖွဲ့ဝင် |
| ၆။ | ရွှေတောင်မဲဆန္ဒနယ် | ဦးတင်ရွှေ | အဖွဲ့ဝင် |
| ၇။ | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဦးသန့်ဇော် | အဖွဲ့ဝင် |
| ၈။ | မိုင်းခတ်မဲဆန္ဒနယ် | စိုင်းဝန်းဆမ် | အဖွဲ့ဝင် |
| ၉။ | ကျုံပျော်မဲဆန္ဒနယ် | ဦးဇော်မင်း | အဖွဲ့ဝင် |
| ၁၀။ | ကြံခင်းမဲဆန္ဒနယ် | ဦးနိုင်မင်းဦး | အဖွဲ့ဝင် |
| ၁၁။ | တောင်ကြီးမဲဆန္ဒနယ် | နန်းကျင်း(ခ)နန်းစိန် | အဖွဲ့ဝင် |
| ၁၂။ | ဟုမ္မလင်းမဲဆန္ဒနယ် | ဦးနိုင်နိုင်ကျော် | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် ဝင်းမြိုင် | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း | အဖွဲ့ဝင် |
| ၁၅။ | အမရပူရမဲဆန္ဒနယ် | ဦးသိန်းထွန်းဦး | အတွင်းရေးမှူး |

### ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | အောင်မြေသာစံမဲဆန္ဒနယ် | ဦးတေဇကျော် | ဥက္ကဋ္ဌ |
| ၂။ | မိုးကောင်းမဲဆန္ဒနယ် | ဦးထွန်းထွန်းအောင် | အဖွဲ့ဝင် |
| ၃။ | ကန့်ဘလူမဲဆန္ဒနယ် | ဦးမြတ်ကျော် | အဖွဲ့ဝင် |
| ၄။ | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | ဦးတင့်ဆွေ | အဖွဲ့ဝင် |
| ၅။ | ကမာရွတ်မဲဆန္ဒနယ် | ဦးကိုကိုသင်း | အဖွဲ့ဝင် |
| ၆။ | ကန်ကြီးထောင့်မဲဆန္ဒနယ် | ဒေါ်ခင်စောမူ | အဖွဲ့ဝင် |
| ၇။ | ရမည်းသင်းမဲဆန္ဒနယ် | ဦးညွန့်ဆောင် | အဖွဲ့ဝင် |
| ၈။ | မော်လမြိုင်ကျွန်းမဲဆန္ဒနယ် | ဦးခင်မောင်ဝင်း | အဖွဲ့ဝင် |
| ၉။ | ရပ်စောက်မဲဆန္ဒနယ် | ဒေါက်တာ ပွင့်ဆန်း | အဖွဲ့ဝင် |
| ၁၀။ | လေးမျက်နှာမဲဆန္ဒနယ် | ဦးမြင့်စိုး | အဖွဲ့ဝင် |
| ၁၁။ | သံဖြူဇရပ်မဲဆန္ဒနယ် | ဦးသန်းရွှေ | အဖွဲ့ဝင် |
| ၁၂။ | ဆီဆိုင်မဲဆန္ဒနယ် | ခွန်လှသိန်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် စိုးညွန့် | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်ကြီး ဒေါ်ယမင်းအောင် | အဖွဲ့ဝင် |
| ၁၅။ | အောင်လံမဲဆန္ဒနယ် | ဦးတင်အောင်ချစ် | အတွင်းရေးမှူး |

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ ဖွဲ့စည်းတာဝန်ပေးအပ်

**နေပြည်တော် မတ် ၂၄**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၃ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့် ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဦးက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဦးနှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇင်မင်းထက်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းအောင်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အမျိုးသား လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်တင်မြင့်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် Jeng Phang နော်တောင်နှင့် အတွင်းရေးမှူးအဖြစ် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်တင်မြင့်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်းက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်းနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရန်နိုင်ဦးတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို မတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

## ၂၀၂၆ ခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်အား နေပြည်တော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် မတ် ၂၄**

၂၀၂၆ ခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို နေပြည်တော်ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို နေပြည်တော်ရင်ပြင်၌ အစိုးရသစ်၏ ပထမဦးဆုံး နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကျင်းပမည့်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ခုထက်ပို၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ပြည်သူများ အတူပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွ ဆင်နွှဲကြမည့် အနှစ်သာရရှိသည့် ပွဲတော်ကြီးတစ်ခုလည်း ဖြစ်ကြောင်း။

လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဝန်ထမ်းများနှင့် ပြည်သူများ စိတ်အေးချမ်းသာ ပျော်ရွှင်စွာဆင်နွှဲ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုပါ သိရှိနိုင်စေရန်အတွက် သင်္ကြန်မဏ္ဍပ်ဇုန်များ၊ ဖျော်ဖြေရေးဇုန်များ၊ သနပ်ခါးသင်္ကြန်ဇုန်များအပြင် လက်ဖက်နှင့် ရိုးရာထမနဲထိုး တည်ခင်းဧည့်ခံသည့် ပြကွက်များကိုလည်း ဇုန်များအလိုက် ထည့်သွင်း၍ ခမ်းနားစွာ ပြသသွားမည်ဖြစ်ကြောင်း၊ နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေရေးအစီအစဉ်များအပြင် ရိုးရာအတာသင်္ကြန်ပွဲတော်ကို ပေါ်လွင်စေမည့် အစီအစဉ်ကောင်းများစွာလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန/ အဖွဲ့အစည်းများကလည်း အဆိုပါ လမ်းလျှောက်သင်္ကြန်တွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းတွင်လည်း အလားတူ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်း၌ ထည့်သွင်းကျင်းပရာတွင် အနုပညာရှင်များ၏ သွားလာရေးအတွက် သီးခြားရထားလက်မှတ်များ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# မဲခေါင်-လန်ချန်း ရွှေရောင်ဆယ်စုနှစ်နှင့် မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ

လူသားတို့၏ ယဉ်ကျေးသော အဖွဲ့အစည်း သမိုင်းအစကို မြစ်ဝှမ်းဒေသကြီးများက ဖန်တီးပေးခဲ့သည်။ ရေကြည်ရာ မြက်နုရာ လှည့်လည်သွားလာ ရှာဖွေစားသောက်နေထိုင်ခဲ့ကြသော ကမ္ဘာဦးလူသားတို့သည် စားရေရိက္ခာနှင့် သယ်ယူပို့ဆောင်သွားလာမှု လွယ်ကူသော မြစ်ဝှမ်းဒေသများတွင် အတည်တကျ အခြေချနေထိုင်လာကြရာမှ လူသားအချင်းချင်း သဟဇာတဖြစ်စေသော ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။ မြစ်ဝှမ်းဒေသများတွင် လူသားနှင့် သဘာဝတရားအကြား အပြန်အလှန် ထိန်းကျောင်းပူးပေါင်းဆောင်ရွက်မှုများက လူသားတို့၏ သမိုင်းကြောင်းကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ မြစ်ဝှမ်းဒေသ ယဉ်ကျေးမှုကြီးများအနက် အာရှဒေသရှိ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများ မျှဝေအသုံးပြုနေသော မဲခေါင်မြစ်ဝှမ်းယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း သမိုင်းကောင်းနှင့် သမိုင်းကြောင်း ရှည်လျားသည့် မြစ်ဝှမ်းဒေသတစ်ခု ဖြစ်ပါသည်။ မြစ်ဝှမ်းများကို မှီခိုရပ်တည် အကျိုးခံစားနေရသော လူသားများ၊ နိုင်ငံများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂေဟစနစ်ထိန်းသိမ်းရေးကို ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ မဲခေါင်ဒေသ (၆) နိုင်ငံအကြီးအကဲများ၏ အမြော်အမြင်ကြီးမားမှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဆန်းယမြို့၌ ၂၀၁၆ ခုနှစ်၊ မတ်လ (၂၃) ရက်တွင် ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်-လန်ချန်း ထိပ်သီးအစည်းအဝေးတွင် ဆန်းယကြေညာစာတမ်း (Sanya Declaration) ကို ထုတ်ပြန်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင် စတင်ထူထောင်ခဲ့သည်မှာ ဆယ်နှစ်တိုင်ရှိခဲ့ပြီ ဖြစ်ပါသည်။

### မြစ်တစ်စင်းကို အခြေပြုမွေးဖွားလာသည့် မိတ်ဖက်ယန္တရား

ဆီးနှင်းများဖုံးလွှမ်းနေသော တိဗက်ကုန်းပြင်မြင့်မှ မြစ်ဖျားခံကာ စီးဆင်းလာသော မဲခေါင်မြစ် (တရုတ်အခေါ် လန်ချန်းမြစ်) သည် တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံ (၆) နိုင်ငံကို ချိတ်ဆက်ပေးထားသကဲ့သို့ ထိုမြစ်ကို အခြေခံ၍ ဖြစ်ပေါ်လာသော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရားသည်လည်း ဒေသတွင်း အရေးပါသည့် ယန္တရားတစ်ခု ဖြစ်လာခဲ့ပါသည်။

ယနေ့ကမ္ဘာ့အခင်းအကျင်းတွင် ဒေသတွင်းနိုင်ငံများအကြား အပြန်အလှန်ချိတ်ဆက်မှုနှင့် ပေါင်းစည်းမှုအားမာန်တို့သည် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကသော့ချက် ဖြစ်လာသည်။ ထိုသို့သောအခင်းအကျင်းတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong–Lancang Coo–peration – MLC) သည် အဖွဲ့ဝင်နိုင်ငံများအကြား ယုံကြည်မှု၊ အပြန်အလှန် အကျိုးတူဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့ကို အခြေခံကာ ဆယ်စုနှစ်တစ်ခုအတွင်း သိသာထင်ရှားသော အောင်မြင်မှုများ ရရှိစေခဲ့ပြီး ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေး ရည်မှန်းချက်ကို အပြည့်အဝ လွှမ်းခြုံပေးနိုင်ခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွက်မူ ဤပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံနှင့် ရှိရင်းစွဲ **‘ဆွေမျိုးပေါက်ဖော်’** ချစ်ကြည်ရေးကို အခြေခံကာ နှစ်နိုင်ငံအကြားရှိ သမိုင်းဝင် မိတ်ဖက်ဆက်ဆံရေးကို ခေတ်သစ်အခြေအနေများနှင့် လိုက်လျောညီထွေရှိစွာ တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ် တွေ့မြင်ကြရမည် ဖြစ်ပါသည်။

### ဘုံမျှော်မှန်းချက်နှင့် ခိုင်မာသောအခြေခံမှုများ

အားလုံးမျှဝေခံစားနိုင်မည့် အနာဂတ်တစ်ခုကို အတူတကွတည်ဆောက်ကြရန်ဟူသော ဘုံမျှော်မှန်းချက်ကို အခြေခံလျက် ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ ပြည်သူများ၏ သာယာဝပြောမှုကို မြှင့်တင်ပေးရန်၊ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျှော့ချရန်၊ အာဆီယံအသိုက်အဝန်းတည်ထောင်ရေးကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

ဘုံအနာဂတ်တစ်ခုဆီသို့ လျှောက်လှမ်းရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒ၊ ညီတူညီမျှရှိမှု၊ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မှု၊ မိမိဆန္ဒအလျောက် ပါဝင်ဆောင်ရွက်မှု၊ စုပေါင်းပါဝင်ဆောင်ရွက်မှု၊ အကျိုးအမြတ်များကို မျှဝေခံစားမှု၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို လေးစားမှု စသော အခြေခံမှုများဖြင့် ထိန်းကျောင်းထားသည့်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုယန္တရားများအနက် လက်တွေ့ကျပြီး ပူးပေါင်းဆောင်ရွက်မှု မြန်ဆန်အားကောင်းသည့် ယန္တရားတစ်ခုအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေခြင်းဖြစ်ပါသည်။

### ဆယ်စုနှစ်တာ အောင်မြင်မှုနှင့် အနာဂတ်အလားအလာကောင်းများ

ယခုဆိုလျှင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုမှ ထိပ်သီးအဆင့်အထိ အလွှာစုံပါဝင်ပြီး ဘက်စုံ ကဏ္ဍစုံလွှမ်းခြုံသည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားတစ်ခုအဖြစ် အခိုင်အမာရပ်တည်လျက် ဆယ်စုနှစ်သစ်တစ်ခုသို့ ကူးပြောင်းလာပြီဖြစ်ပါသည်။ ဆယ်စုနှစ်တာ ခရီးတစ်လျှောက် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းလျက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှုများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသည့်အတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ပြီး ဒေသတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

အထူးသဖြင့် တရုတ်နိုင်ငံက ကမကထပြုသည့် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့် ပြည်သူကို ဦးတည်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် စီမံကိန်းစုစုပေါင်း ၉၉၁ ခုကို အတည်ပြုပေးအပ်ခဲ့ပြီး မဲခေါင်မြစ်ဝှမ်းဒေသတစ်လျှောက် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီပေးနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ထို့အပြင် ယနေ့ ကမ္ဘာ့စီးပွားရေးသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် မောင်းနှင်အားတစ်ခုအဖြစ် အင်အားဖြည့်တင်းပေးလျက်ရှိပါသည်။ တရုတ်နိုင်ငံသည် မဲခေါင်နိုင်ငံများ၏ အဓိကကုန်သွယ်ရေးမိတ်ဖက်အဖြစ် အခိုင်အမာရပ်တည်လျက်ရှိပြီး ၂၀၂၅ ခုနှစ် စာရင်းများအရ တရုတ်နှင့် မဲခေါင်နိုင်ငံများအကြား စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံကျော်အထိ



စံချိန်တင်တိုးတက်ခဲ့သည်မှာ အားတက်စရာ ဖြစ်ပါသည်။

ဆယ်နှစ်တာခရီးလမ်းတစ်လျှောက် အောင်မြင်မှုများစွာ ရရှိခဲ့သကဲ့သို့ တစ်ဖက်တွင် MLC အနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါသည်။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုဖြင့် အခက်အခဲလှိုင်းတံပိုးများကို ကျော်လွှားနိုင်ခဲ့သည်မှာ MLC အတွက် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ခု ဖြစ်ပါသည်။ သာဓကအားဖြင့် COVID–19 ကပ်ရောဂါကာလအတွင်း ကမ္ဘာတစ်ဝန်းခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်သွားသည့်အတွက် ဒေသတွင်းကုန်သွယ်မှုအပေါ် ကြီးမားသည့် ရိုက်ခတ်မှုနှင့် ရင်ဆိုင်ရချိန်တွင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား “Fast Track” နှင့် “Green Lane” အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ခြင်းဖြင့် ဒေသတွင်းစီးပွားရေး ယိုင်နဲ့မသွားအောင် ထိန်းပေးနိုင်ခဲ့ပါသည်။ အလားတူ နည်းပညာတိုးတက်လာသည်နှင့်အမျှ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုကူးမှု စသည့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများသည်လည်း ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိရာမှာ “Operation SEAGULL” ကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ခဲ့ပြီး ဒေသတွင်း လုံခြုံရေးယန္တရားကို ပိုမိုခိုင်မာစေခဲ့သည်။ “Operation SEAGULL”အပြင် “Safe Lancang–Mekong 2025” Joint Operation ကို ၂၆–၂–၂၀၂၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း အဖွဲ့ဝင်နိုင်ငံကောင်းတစ်နိုင်ငံ ပီသစွာဖြင့် အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အမှန်စင်စစ် မိမိတို့ (၆) နိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟူသော လှေကြီးတစ်စင်းထဲတွင် အတူတကွ လိုက်ပါစီးနင်းလျက် ဘုံအနာဂတ်တစ်ခုဆီသို့ ဦးတည်သည့်ခရီးကို အရောက်သွားနေကြသည့် ‘တစ်လှေထဲစီး တစ်ခရီးတည်းသွားဖော်များ’ပင် ဖြစ်ပါသည်။ တက်ညီလက်ညီဖြင့် တစ်ဦးကိုတစ်ဦး ဖေးမကူညီပြီး အတူတကွ လှော်ခတ်သွားကြမည်ဆိုလျှင် မည်သည့်အခက်အခဲကိုမဆို မယိမ်းမယိုင်ကျော်ဖြတ်နိုင်ပြီး မိမိတို့မျှော်မှန်းသည့် အနာဂတ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိနိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အခြေခံအုတ်မြစ်မှသည် ပိုမိုကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုအဆင့် *စာမျက်နှာ ၈ သို့*

**“ယခုဆိုလျှင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုမှ ထိပ်သီးအဆင့်အထိ အလွှာစုံပါဝင်ပြီး ဘက်စုံ ကဏ္ဍစုံလွှမ်းခြုံသည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားတစ်ခုအဖြစ် အခိုင်အမာရပ်တည်လျက် ဆယ်စုနှစ်သစ်တစ်ခုသို့ ကူးပြောင်းလာပြီဖြစ်ပါသည်။ ဆယ်စုနှစ်တာ ခရီးတစ်လျှောက် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းလျက် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှုများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသည့်အတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ပြီး ဒေသတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်”**

*စာမျက်နှာ ၈ သို့*

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# (၁၀)နှစ်တာ လန်ချန်း-မဲခေါင် ကြိုးပမ်းအားထုတ်မှု၊ အေးအတူပူအမျှ အနာဂတ်ဆီသို့ လှမ်းချီစို့

*တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi*

လန်ချန်း-မဲခေါင် ခြောက်နိုင်ငံသည် တစ်မြစ်တွင်းရေအတူသောက်သုံးကာ ဘဝကံကြမ္မာချင်း တစ်သားတည်း ချိတ်ဆက်နေကြပါသည်။ လွန်ခဲ့သော (၁၀)နှစ်တာကာလ၏ မတ်လ ၂၃ ရက်နေ့တွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို တရားဝင် စတင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများ၏ စည်းလုံးညီညွတ်စွာ ကိုယ့်အားကိုယ်ကိုးခြင်းနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုမျိုးစေ့များကို ချခဲ့ပါသည်။ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် မဲခေါင်နိုင်ငံ ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် ခြောက်နိုင်ငံသည် "တန်းတူရည်တူဆက်ဆံခြင်း၊ စိတ်ရင်းမှန်ဖြင့် အပြန်အလှန်ကူညီခြင်း၊ မိသားစုဝင်များကဲ့သို့ ရင်းနှီးခြင်း"ဆိုသည့် လန်ချန်း-မဲခေါင် ယဉ်ကျေးမှုကို လက်ကိုင်ထားပြီး "ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးခြင်း၊ တန်းတူညီမျှညှိနှိုင်းဆွေးနွေးခြင်း၊ လက်တွေ့ကျပြီး ထိရောက်ခြင်း၊ ပွင့်လင်းမြင်သာ၍ တံခါးဖွင့်လှစ်ပြီး အားလုံးပါဝင်နိုင်ခြင်း"ဆိုသည့် လန်ချန်း-မဲခေါင် စိတ်ဓာတ်ကို ကျင့်သုံးကာ "နေ့စဉ်တိုးတက်မှုများ ရှိနေခြင်း၊ လစဉ်ရလဒ်များ ထွက်ပေါ်ခြင်း၊ နှစ်စဉ်အဆင့်သစ်သို့ တက်လှမ်းခြင်း" ဟူသော လန်ချန်း-မဲခေါင် အရှိန်အဟုန်ကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် မျိုးစေ့လေးတစ်ခုမှသည် သစ်ပင်ကြီးတစ်ပင်အဖြစ်သို့ ရှင်သန်ကြီးထွားလာခဲ့ပြီး လူသားမျိုးနွယ် အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရာတွင် စံနမူနာကောင်းတစ်ခုဖြစ်လာခဲ့ပါသည်။

### လန်ချန်း-မဲခေါင်နိုင်ငံများ၏ ကံကြမ္မာချိတ်ဆက်မှုသည် ပိုမိုခိုင်မြဲလာ

ဤ(၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ ကံကြမ္မာချိတ်ဆက်မှုသည် ပိုမိုခိုင်မြဲလာခဲ့ပါသည်။ ရာစုနှစ်အတွင်း မကြုံစဖူး အပြောင်းအလဲများကြားတွင် ခြောက်နိုင်ငံသည် လက်တွဲလျှောက်လှမ်းကာ နှစ်နိုင်ငံအကြား အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရေးကို ဘက်ပေါင်းစုံတွင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဒုက္ခသုခ အတူမျှဝေကာ အပြန်အလှန်စောင့်ရှောက်ကူညီကြသည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနှင့် မိတ်ဖက်ကောင်းများ ဖြစ်လာခဲ့ကြပါသည်။

ဤ(၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု မောင်းနှင်အားမှာ ပိုမိုအားကောင်းလာခဲ့ပါသည်။ တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံ ငါးနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ကျော်လွန်ခဲ့ပြီး လွန်ခဲ့သော (၁၀)နှစ်ကထက် ၁၅၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ခြောက်နိုင်ငံမှ ဌာနအသီးသီးနှင့် ဒေသအသီးသီးတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် များပြားလှသည့် ပူးပေါင်းဆောင်ရွက်မှု ရလဒ်ကောင်းများကို ရရှိခဲ့သည်။

ဤ (၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ လုံခြုံရေးအတားအဆီးမှာ ပိုမိုခိုင်မာလာခဲ့ပါသည်။ ခြောက်နိုင်ငံသည် "ဘေးကင်းလုံခြုံသော လန်ချန်း-မဲခေါင်လှုပ်ရှားမှု" ကို တွန်းအားပေးကာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ချရေး၊ ပြည်သူ့ကျန်းမာရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ဒေသတွင်းပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ထိရောက်စွာ ကာကွယ်ပေးခဲ့ပါသည်။ တရုတ်နိုင်ငံသည် မြစ်အောက်ပိုင်းနိုင်ငံများသို့ လန်ချန်းမြစ်၏ ဇလဗေဒဆိုင်ရာ အချက်အလက်များကို မျှဝေပေးပြီး မြစ်ဝှမ်းနိုင်ငံများအား ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုအန္တရာယ်များကို ကာကွယ်ဖြေရှင်းနိုင်ရန် ပံ့ပိုးကူညီပေးခဲ့ပါသည်။

ဤ(၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ လူမှုယဉ်ကျေးမှုဖလှယ်မှုမှာ ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။ "လန်ချန်း-မဲခေါင် ဗီဇာ" ကို စတင်ကျင့်သုံးနိုင်ခဲ့ပြီး "LMC Harvest"၊ "လန်ချန်း-မဲခေါင် စမ်းရေချိုလှုပ်ရှားမှု (Operation Sweet Spring)" စသည့် "သေးငယ်ပြီး ကောင်းမွန်သည့်" ပြည်သူအကျိုးပြုစီမံကိန်းများမှာ သိသာထင်ရှားသော အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ခြောက်နိုင်ငံမှ ပြည်သူများသည် အပြန်အလှန်လည်ပတ်ကြကာ ရင်းနှီးမှု ပိုမိုရရှိလာပြီး ယဉ်ကျေးမှုအပြန်အလှန်လေ့လာသင်ယူမှုနှင့် ပြည်သူချင်း စိတ်ချင်းဆက်နွယ်မှု၏ ပေါင်းကူးတံတားမှာ ပိုမိုခိုင်မာလာခဲ့ပါသည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်တာအတွင်း ထွန်းကားလာရခြင်း၏ အဓိကသော့ချက်မှာ အချက် (၃) ချက်အပေါ် ဦးလည်မသုန် ရပ်တည်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ပထမအချက်မှာ အိမ်နီးချင်းကောင်း ပီသမှုနှင့် ဘုံကံကြမ္မာတစ်ခုဖြစ်မှုကို အမြဲဦးစားပေးခြင်း၊ ဒုတိယအချက်မှာ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားပြီး ပြည်သူများအတွက်



အကျိုးကျေးဇူးများ ဖော်ဆောင်ပေးခြင်း၊ တတိယအချက်မှာ တီထွင်ဆန်းသစ်မှုဖြင့် ရှေ့ဆောင်လမ်းပြဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

### "လန်ချန်း-မဲခေါင် စံနမူနာ" ကို ထူထောင်

လက်ရှိကမ္ဘာကြီးတွင် မတည်ငြိမ်မှုများ၊ ဗိုလ်ကျစိုးမိုးရေးဝါဒ (Hegemonism) နှင့် အင်အားကြီးနိုင်ငံရေး(Power politics)များကြောင့် လက်ရှိနိုင်ငံတကာ စည်းမျဉ်းအပေါ် ပြင်းထန်သော သက်ရောက်မှုများ ရှိနေပါသည်။ မကြာသေးမီက တရုတ်နိုင်ငံ၏ "Two Sessions အစည်းအဝေး" ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး "(၁၅)ကြိမ်မြောက် ငါးနှစ်စီမံကိန်း" ကိုလည်း စတင်ခဲ့ကာ ဒေသတွင်းအတွက် တည်ငြိမ်မှုကို ဆောင်ကြဉ်းပေးခဲ့ပါသည်။ ကျွန်တော်တို့သည် မဟာဗျူဟာမြောက် ချိတ်ဆက်မှုများကို အားကောင်းအောင်ဆောင်ရွက်ပြီး "လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ၂ ဒသမ ၀ ဗားရှင်း" ကို အတူတကွဖော်ဆောင်ကာ ဒေသတွင်း ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေပြီး ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် "လန်ချန်း-မဲခေါင် စံနမူနာ" ကို ထူထောင်သွားရပါမည်။

ကျွန်တော်တို့သည် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ ငြိမ်းချမ်းမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာ၍တံခါးဖွင့်လှစ်မှုနှင့် အားလုံးပါဝင်နိုင်မှုဟူသော အာရှတန်ဖိုးအမြင်များကို မြှင့်တင်ပြီး လန်ချန်း-မဲခေါင် နိုင်ငံတကာအတွင်းရေးမှူးဌာန တည်ထောင်မှုကို အရှိန်မြှင့်ကာ လန်ချန်း-မဲခေါင်နိုင်ငံများ၏ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးအတွက် အင်အားသစ်များ ပံ့ပိုးဖြည့်ဆည်းပေးရပါမည်။

ကျွန်တော်တို့သည် ပွင့်လင်းမြင်သာ၍ တံခါးဖွင့်လှစ်သော နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ အခြေခံအဆောက်အအုံ ချိတ်ဆက်မှုများကို ဘက်စုံတွန်းအားပေးပြီး "နိုင်ငံအများအပြားတွင် စက်မှုဇုန်အများအပြား" ပူးပေါင်းဆောင်ရွက်မှုပုံစံကို ဖော်ဆောင်ကာ "အပြည်ပြည်ဆိုင်ရာ ကုန်းလမ်းနှင့် ရေလမ်းကုန်သွယ်ရေးလမ်းကြောင်းသစ် (New International Land-Sea Trade Corridor)" ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေပြီး လန်ချန်း-မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်ကို အတူတကွတည်ဆောက်ရပါမည်။

ကျွန်တော်တို့သည် စိမ်းလန်းစိုပြည်၍ တီထွင်ဆန်းသစ်သည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင် ဆန်းသစ်တီထွင်မှုစင်္ကြံ တည်ဆောက်ရေးကို နက်ရှိုင်းစေပြီး ဒစ်ဂျစ်တယ်စီးပွားရေး၊ ဉာဏ်ရည်တု (Artificial Intelligence-AI)၊ သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်မှု၊ ဂေဟစနစ် စီမံခန့်ခွဲမှု စသည့် ပူးပေါင်းဆောင်ရွက်မှုများကို တွန်းအားပေးကာ စွမ်းအင်သစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပြီး ဒေသတွင်း စိမ်းလန်းစိုပြည်၍ တန်ဖိုးရှိသော ကွင်းဆက်များနှင့် စိမ်းလန်းသော စက်မှုလုပ်ငန်းစုများကို တည်ဆောက်ရပါမည်။

ကျွန်တော်တို့သည် ယဉ်ကျေးမှုအပြန်အလှန်လေ့လာသင်ယူသည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင် ခရီးသွားမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်အဖွဲ့အစည်း တည်ထောင်မှုကို အရှိန်အဟုန်မြှင့်တင်ပြီး မီဒီယာနှင့် တတ်သိပညာရှင် (Think Tank) များ ပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက်မပြတ်နက်ရှိုင်းစေကာ လန်ချန်း-မဲခေါင် ရန်ပုံငွေ၏ အကျိုးကျေးဇူးများကို ချဲ့ထွင်ပြီး ခြောက်နိုင်ငံမှ ပြည်သူများနှင့် လူငယ်များ အပြန်အလှန်ကူးလူးဆက်ဆံမှုကို တိုးမြှင့်၍ လန်ချန်း-မဲခေါင် ချစ်ကြည်ရေးကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းသွားရပါမည်။

### လုံခြုံသောပတ်ဝန်းကျင် ဖော်ဆောင်

ကျွန်တော်တို့သည် ငြိမ်းချမ်းပြီး အေးချမ်းသာယာသည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ မြစ်ဝှမ်းတစ်ခုလုံး စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းအောင် ဆောင်ရွက်ပြီး မြစ်အထက်ပိုင်းနှင့် အောက်ပိုင်း ဇလဗေဒအချက်အလက်များကို မျှဝေကာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုစသည့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကို တိုက်ဖျက်ရာတွင် အရှိန်အဟုန်မြှင့်တင်ပြီး "ဘေးကင်းလုံခြုံသော လန်ချန်း-မဲခေါင် လှုပ်ရှားမှု" နှင့် မဲခေါင်မြစ် ပူးတွဲကင်းလှည့်မှုများကို ကောင်းမွန်စွာ ဆောင်ရွက်ကာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးအတွက် လုံခြုံသော ပတ်ဝန်းကျင်ကို ဖော်ဆောင်ရပါမည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စတင်တည်ထောင်စဉ်ကပင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် "လေထဲတိုက်အိမ်ဆောက်ခြင်း (Talking-Shop)" မဟုတ်ဘဲ လက်တွေ့ကျကျ ဆောင်ရွက်သည့် "တွန်းအားပေးသည့်ယန္တရား" ကဲ့သို့ဖြစ်ရမည်ဟု ကျွန်တော်တို့ သဘောတူခဲ့ကြပါသည်။ ပြည်သူကို ဗဟိုပြုပြီး ခြောက်နိုင်ငံမှ ပြည်သူများ၏ သုခချမ်းသာကို ဖော်ဆောင်ပေးရပါမည်။ အစပျိုးမှုမှတ်တိုင်အသစ်တစ်ခုတွင် တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ခင်ရင်းနှီးခြင်း၊ ရိုးသားစွာဆက်ဆံခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်း၊ အားလုံးပါဝင်ခြင်းဟူသော သံတမန်ဆက်ဆံရေးမူဝါဒကို ဆက်လက်ကိုင်စွဲထားပြီး မဲခေါင်မြစ်ဝှမ်း ငါးနိုင်ငံနှင့်အတူ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ သစ်လွင်သော "ရွှေရောင် (၁၀)နှစ်"ကို အတူတကွ အစပြုဖွင့်လှစ်ကာ ငြိမ်းချမ်းသော၊ အေးချမ်းသော၊ သာယာဝပြောသော၊ လှပသော၊ ချစ်ကြည်ရင်းနှီးသော လန်ချန်း-မဲခေါင် အိမ်ဂေဟာကို လက်တွဲတည်ဆောက်ပြီး ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လန်ချန်း-မဲခေါင်၏ အကျိုးပြုဆောင်ရွက်မှုများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။ ။

> **" ဤ (၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ လုံခြုံရေးအတားအဆီးမှာ ပိုမိုခိုင်မာလာခဲ့ပါသည်။ ခြောက်နိုင်ငံသည် "ဘေးကင်းလုံခြုံသော လန်ချန်း-မဲခေါင်လှုပ်ရှားမှု"ကို တွန်းအားပေးကာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ချရေး၊ ပြည်သူ့ကျန်းမာရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ဒေသတွင်းပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ထိရောက်စွာ ကာကွယ်ပေးခဲ့ပါသည်။ တရုတ်နိုင်ငံသည် မြစ်အောက်ပိုင်းနိုင်ငံများသို့ လန်ချန်းမြစ်၏ ဇလဗေဒဆိုင်ရာအချက်အလက်များကို မျှဝေပေးပြီး မြစ်ဝှမ်းနိုင်ငံများအား ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုအန္တရာယ်များကို ကာကွယ်ဖြေရှင်းနိုင်ရန် ပံ့ပိုးကူညီပေးခဲ့ "**

# မြန်မာနိုင်ငံ ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီနယ်မြေ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၁၁) ၌ ကျင်းပသည်။

ဦးစွာ အထက (၁၁)မှ ကျောင်းသား ကျောင်းသူ လူငယ်လေးများက မြန်မာနိုင်ငံ ကင်းထောက်လူငယ် သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်၏ အနာဂတ်အတွက် လူငယ်များကို အရေးပါသည့် အရင်းအမြစ်များအဖြစ် သတ်မှတ်ပြီး လူငယ်များ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်မူဝါဒ အဓိကကဏ္ဍ(၁၆)ရပ်အား ထိရောက်စွာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အားလပ်ချိန်များကို တန်ဖိုးရှိစွာ အသုံးချနိုင်ရန်အတွက် ကင်းထောက်သင်တန်းများ အပါအဝင် လူငယ်များအကျိုးရှိစေမည့် နွေရာသီ အားကစားလေ့ကျင့်ရေး သင်တန်းများအပြင် ကဏ္ဍစုံ လှုပ်ရှားမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတို့တွင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကင်းထောက်လူငယ်သင်တန်းသည် လူငယ်များအနေဖြင့် တာဝန်သိသည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန်အတွက် ပုံသွင်းဖန်တီးသည့်နေရာဖြစ်ကြောင်း၊ လူငယ်လူရွယ်များ၏ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တများ ကောင်းမွန်လာအောင် ပြုပြင်ပေးပြီး စိန်ခေါ်မှုများကို ရဲရဲဝံ့ဝံ့ကျော်လွှားရဲသည့် လူငယ်များ၊ နိုင်ငံတော်က အားထားရသည့် လူငယ်များအဖြစ် လူမှုအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ သွန်သင်ဆုံးမမှုများကို ရိုသေစွာလိုက်နာတတ်သည့် အလေ့အထများရရှိစေရန်နှင့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းတတ်သည့် အလေ့အထကောင်းများ၊ သူတစ်ပါးကိုဖေးမကူညီလိုသည့် စိတ်ကောင်း စိတ်မြတ်များနှင့် လောကကောင်းကျိုး၊ နိုင်ငံ့အကျိုး၊ အများကောင်းကျိုးများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် လူကောင်းလူတော်များ၊ လူရည်ချွန်များ အများအပြား ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ယခုသင်တန်းအား ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စိတ်ပါဝင်စားစွာဖြင့် လေ့လာသင်ယူသွားကြရန်နှင့် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပုံဖော်ရာတွင် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်နိုင်မည့် ဗလငါးတန်နှင့်ပြည့်စုံသည့် ကင်းထောက်လူငယ် မောင်မယ်များဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ ကင်းထောက်လူငယ်သင်တန်းအတွက် ရဲမာန်ဆောက်လုပ်ရေးကုမ္ပဏီ၊ Wisdom Hill Private School နှင့် Guardian Private School တို့မှ တာဝန်ရှိသူများက လှူဒါန်းငွေကျပ် ၁၀ သိန်းစီ ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

(Mekong–Lancang Cooperation 2.0 – MLC 2.0) သို့ တက်လှမ်းရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်အသိုက်အဝန်းတစ်ရပ်ကို အတူတကွ တည်ဆောက်သွားရန် သန္နိဋ္ဌာန်ကို မြဲမြံစွာဆုပ်ကိုင်လျက် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်သွားကြမည်ဖြစ်ပြီး ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ပေါင်းစပ်ဆက်နွယ်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှု၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု စသည့်ကဏ္ဍများအပြင် ဉာဏ်ရည်တုနည်းပညာအခြေပြု ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်မှု၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြမည် ဖြစ်ပါသည်။

**မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏အခန်းကဏ္ဍ**

အမှန်မှာမူ မဲခေါင်–လန်ချန်းဆိုသည်မှာ မြစ်တစ်စင်းတည်းသာဖြစ်ပြီး မြစ်အထက်ပိုင်းဖြစ်သည့် တရုတ်ဘက်အခြမ်းကို ‘လန်ချန်း’ ဟု ခေါ်ပြီး မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ကို ဖြတ်သန်းသည့် မြစ်အောက်ပိုင်းကို ‘မဲခေါင်’ ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။ မဲခေါင်မြစ်၏ စုစုပေါင်းအရှည်သည် ၄၃၅၀ ကီလိုမီတာခန့်ရှိရာ မြန်မာနှင့်ထိစပ်နေသောအပိုင်းမှာ ၂၃၄ ကီလိုမီတာခန့်၊ ရာခိုင်နှုန်းအားဖြင့် မြစ်ဝှမ်းတစ်ခုလုံးဧရိယာ၏ ၃ ရာခိုင်နှုန်းသာ ပိုင်ဆိုင်ထားပါသည်။ ပိုင်ဆိုင်မှုဧရိယာနည်းပါးသော်လည်း မြန်မာနိုင်ငံသည် မဲခေါင်မြစ်အထက်ပိုင်းနှင့်အောက်ပိုင်းကို ဆက်သွယ်ပေးသည့် မဟာဗျူဟာမြောက်နေရာတွင် ရှိနေခြင်း၊ မြန်မာ–လာအို–ထိုင်း ရွှေတြိဂံဒေသ၏ အချက်အချာဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသည့်နိုင်ငံ ဖြစ်ပါသည်။

ဤဆယ်နှစ်တာခရီးတွင် မြန်မာနိုင်ငံအနေဖြင့် တာဝန်သိ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ သိသာထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် မြန်မာနိုင်ငံသည် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌတာဝန်ကို တရုတ်နိုင်ငံနှင့်အတူ ၂၀၂၀ ပြည့်နှစ် မှ ၂၀၂၃ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးဟူသော မဏ္ဍိုင်ကြီး ၃ ရပ်နှင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဘုံမျှော်မှန်းချက်နှင့် အခြေခံမူများကို အခြေခံကာ ဒေသတွင်း ပေါင်းစည်းရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှု တိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ဆန်းသစ်တီထွင်မှု၊ သိပ္ပံနှင့်နည်းပညာ စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အလေးထား ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မြောက် မဲခေါင်–လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် မဲခေါင်–လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို အိမ်ရှင်အဖြစ်လည်းကောင်း၊ (၆)ကြိမ်မြောက်နှင့် (၈)ကြိမ်မြောက် မဲခေါင်–လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတို့ကို ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံနှင့် ပူးပေါင်း၍လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အပြင် နေပြည်တော်ကြေညာချက်နှင့် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက် (၂၀၂၃–၂၀၂၇) တို့ကို အတည်ပြုနိုင်ခဲ့ပြီး မဲခေါင်–လန်ချန်း ဆန်းသစ်တီထွင်မှုစင်္ကြံ (MLC innovation corridor) ဆိုင်ရာ အစည်းအဝေးယန္တရား တည်ထောင်ရန်အတွက်လည်း အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒကို ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အလေးအနက်ထားပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခု ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်းပါးများနှင့် ဂုဏ်ပြုကြိုဆိုသည့် စာသားကြော်ငြာတို့ကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်း၊ ဗီဒီယိုမှတ်တမ်းများ ထုတ်လွှင့်ပြသခြင်းနှင့် ၂၀၂၆ ခုနှစ် မတ်လ ၅ ရက်တွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ “မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် လန်ချန်း–မဲခေါင် အထူးရန်ပုံငွေဖြင့် စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့သည့် မှတ်တမ်းဓာတ်ပုံပြပွဲ” တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မဲခေါင်–လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့်အတူ ပူးပေါင်း၍ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**အပြန်အလှန်အကျိုးပြုနေသော မြန်မာ–တရုတ်ဆက်ဆံရေးနှင့် MLC**

၁၉၅၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် မြန်မာ–တရုတ် သံတမန်ဆက်ဆံရေးသည် ၂၀၂၅ ခုနှစ်တွင် (၇၅) နှစ်ပြည့် စိန်ရတုကာလကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သလို ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ တိုးမြှင့်ခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်၏ အမြော်အမြင်ကြီးမားမှု၊ ပထဝီဝင်အနေအထားအရ အိမ်နီးချင်းကောင်းများဖြစ်မှုနှင့် ယဉ်ကျေးမှုချင်းနီးစပ်မှု၊ ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကိုအခြေခံမှု စသည့်အချက်များကြောင့် နှစ်နိုင်ငံအကြား ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် ထိုဆက်ဆံရေးသည် ယနေ့တိုင် ခိုင်မြဲနေသည့် ထူးခြားသော သံတမန်ဆက်ဆံရေးပုံစံ ဖြစ်ပါသည်။

မြန်မာ–တရုတ်ဆက်ဆံရေးနှင့် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အားဖြည့်ပေးလျက်ရှိသည်ဟု ဆိုလျှင် မှားနိုင်မည်မဟုတ်ပေ။ နှစ်နိုင်ငံအကြား ယုံကြည်မှုနှင့် ကောင်းမွန်သည့်ဆက်ဆံရေးမှ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအတွက် နိုင်ငံရေးအရ ခိုင်မာသည့်အုတ်မြစ်ကို ပံ့ပိုးပေးသကဲ့သို့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေပြီး ဘုံရည်မှန်းချက်များကို စုပေါင်းအင်အားဖြင့် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအောက်မှ အထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော စီမံကိန်းများဖြစ်ရာ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုကို တစ်တပ်တစ်အား အထောက်အကူပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် မဲခေါင်–လန်ချန်း အဖွဲ့ဝင်နိုင်ငံများအနက် စီမံကိန်းအများဆုံးရရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ လန်ချန်း–မဲခေါင် အထူးရန်ပုံငွေဖြင့် စီမံကိန်း ၁၃၂ ခု၊ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်းကျော် ရရှိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စသည့်နယ်ပယ်များတွင် သိသာသည့် အကျိုးကျေးဇူးများ ရရှိစေခဲ့ပါသည်။

**ဆယ်စုမှသည် ရာစုဆီသို့**

အချုပ်အားဖြင့်ဆိုရသော် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို အရှိန်အဟုန် မြှင့်တင်ပေးလျက်ရှိပါသည်။ ထို့ပြင် ဒေသတွင်းနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အတွက် နှစ်နိုင်ငံ ခိုင်မာသည့်ဆက်ဆံရေးနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုအားကောင်းစေသည့် အစီအမံတစ်ရပ်ဖြစ်ပါသည်။ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အောင်မြင်ရေးအတွက် နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ အပြန်အလှန် အထောက်အကူပြုလျက်ရှိပါသည်။ ဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနှင့်တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲခြား၍မရသော မိတ်ဖက်များအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ စိတ်ရင်းစေတနာမှန်ကို အခြေခံသည့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ကုန်လွန်ခဲ့ပြီဖြစ်သော ရွှေရောင်လွှမ်းသည့် ဆယ်စုနှစ်မှသည် အနာဂတ်ရာစုနှစ်တိုင် ဆက်လက်တည်ရှိနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းလျက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် အထိမ်းအမှတ်ကာလကို ဂုဏ်ပြုမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။ ။

# မှော်ဘီမြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုလာစနစ်ဖြင့် အထက်စု(မြစ်ကျိုး) မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၄**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုလာစနစ်ဖြင့် အထက်စု (မြစ်ကျိုး) မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြစ်ကျိုးကျေးရွာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တောင်သူများကိုယ်စား ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး APQ ကုမ္ပဏီမှ တာဝန်ရှိသူက အထက်စု (မြစ်ကျိုး) ရေတင်လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို ပေးအပ်ရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆိုလာစနစ်ဖြင့် အထက်စု(မြစ်ကျိုး)မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆိုလာစနစ်ဖြင့် အထက်စု (မြစ်ကျိုး) မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ယခုဖွင့်လှစ်သည့် ရေတင်စီမံကိန်း 900 kW Solar တပ်ဆင်ခြင်းလုပ်ငန်းတွင် 720 W Solar အချပ်ရေ ၁၃၄၄ ချပ် တပ်ဆင်ထားပြီး ၁၄ ချပ်ပါ String ၉၆ ခု ပါဝင်ကာ ရေမောင်းနှင်ရန်နှင့် ကျေးရွာမီးလင်းရေးအတွက် 110 kW On-Grid Inverter (8) Set ပါဝင်ပြီး 0.4/11 kV(900) kVA Transformer (1) Set ပါဝင်ကာ 280 kW Motor နှင့် 40 Cusec Pump များအား Solar System တွဲဖက်တပ်ဆင်မောင်းနှင်၍ နွေစပါးစိုက်ဧက ၁၈၀၀ ရေပေးဝေနိုင်မည်ဖြစ်ရာ မြစ်ရေတင်လုပ်ငန်းတွင် လျှပ်စစ်ဓာတ်အားကို အသုံးမပြုဘဲ နေ့အခါဆိုလာမှရရှိသော လျှပ်စစ်ဖြင့် တစ်ရက်လျှင် ၆ နာရီနှုန်းဖြင့် 280 kW Motor နှင့် 40 Cusec Pump များအား မောင်းနှင်ပါက နွေသီးနှံ တစ်ရာသီ ရက်ပေါင်း ၁၂၀ အတွက် ၅၃၇၁၀၀ ကီလိုဝပ်နာရီကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားခ ၂၆၈ ဒသမ ၅၅ ကျပ်သန်း သက်သာမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေပေးဝေခြင်းမရှိသည့် ကျန်အချိန်တွင် ကျေးရွာမီးလင်းရေးအတွက် အထက်စု(မြစ်ကျိုး)ရွာ၊ အောက်စု(မြစ်ကျိုး)ရွာ၊ စာဖြူစုရွာနှင့် ဇီးတောရွာ စုစုပေါင်းကျေးရွာ လေးရွာအတွက်၈၅၇၅၀၀ ကီလိုဝပ်နာရီကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

# နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အရည်အသွေးပြည့်မီသော နည်းပညာရှင်များ မွေးထုတ်ဆောင်ရွက်

**နေပြည်တော် မတ် ၂၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ် ၂၂ ရက်က ရန်ကုန်မြို့ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန၏ နည်းပညာကျောင်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး သုတ၊ ရသ စာအုပ်များ လှူဒါန်းသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ သက်မွေးပညာသင်ကျောင်း SMVTI သို့ ရောက်ရှိပြီး ကျောင်းရှိ အနုပညာလက်ရာများ၊ ခန်းမအတွင်းစာမေးပွဲဖြေဆိုရန် ပြင်ဆင်ထားရှိမှုများ၊ အင်ဂျင်နီယာဘာသာရပ် ဌာနများ၏ စာသင်ခန်းများနှင့် အလုပ်ရုံများ၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ် သင်တန်းများအတွက် ပြင်ဆင်ထားရှိမှုများ၊ စာကြည့်တိုက်၊ ကျောင်းဥပဓိရုပ် တင့်တယ်ရေးနှင့် စိမ်းလန်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ နှစ် ၇၀ ကျော် သက်တမ်းရှိကျောင်းဖြစ်ပြီး တစ်ချိန်က အရှေ့တောင်အာရှတွင် ခေတ်အမီဆုံးနှင့် အကောင်းဆုံး စက်မှုလက်မှုကျောင်းဖြစ်ခဲ့သည်အထိ အစဉ်အလာ ကြီးမားခဲ့သည်ဖြစ်ရာ ၎င်းကို ထိန်းသိမ်းနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ကျောင်း၏ အမွေအနှစ်အနုပညာလက်ရာများဖြစ်သည့် ပန်းပုရုပ်တုများ၊ ကျောက်ပြားစီပန်းချီကားချပ်ကြီးများ၊ နံရံဆေးရေး ပန်းချီကားချပ်ကြီးများကိုပါ ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားရန်၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ လက်တွေ့ကျကျ ဖန်တီးပေးနိုင်ရေးတို့အတွက် စံနှုန်းများပြည့်မီ၍ လုပ်ငန်းခွင် လိုအပ်ချက်အညီ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သွားရန် တိုက်တွန်းမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး Woodworking နည်းပညာဌာနရှိ အိမ်တွင်းအလှဆင်နှင့် ပရိဘောဂပစ္စည်းများ လက်တွေ့ ထုတ်လုပ်ထားရှိမှုအခြေအနေများ၊ Future Technology Lab သို့ ရောက်ရှိပြီး ဆန်စပါး အမျိုးအစားများနှင့် အရည်အသွေးတို့ကို AI ဖြင့် စိတ်ဖြာတိုင်းတာသည့် သုတေသနလုပ်ငန်း၊ စွမ်းအင်သုံးစွဲမှုကို အင်တာနက်မှ စောင့်ကြည့်ကွပ်ကဲမှု သုတေသနလုပ်ငန်းတို့မှ ရလဒ်များကို ကြည့်ရှုစစ်ဆေးကာ Agro-based Industries နှင့် MSME များ၊ ဆိုလာစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် သုတေသနရလဒ်များကို အသုံးချနိုင်ရေး ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး သုတ၊ ရသ စာအုပ်များ လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း (ရွာမ)သို့ ရောက်ရှိကာ အောက်မြန်မာပြည်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများရှိ ပေါင်းစပ်သိပ္ပံနှင့် စက်မှုဘာသာရပ်နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများ၏ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများကို စာစစ်ဌာနသို့ အမှားအယွင်းမရှိ စနစ်တကျပို့ဆောင်သွားရန်မှာကြားကာ အင်ဂျင်နီယာဘာသာရပ် အလိုက် အလုပ်ရုံများ၊ သုတေသနလုပ်ငန်းများနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံ့အကျိုးပြု စက်မှုကုန်ထုတ် လုပ်ငန်းများအတွက် တစ်တပ်တစ်အား အထောက်အကူပြုနိုင်မည့် နည်းပညာရှင် လူငယ်ကောင်းများကို စဉ်ဆက်မပြတ် မြေတောင်မြှောက်ပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ JMASVTI သို့ ရောက်ရှိပြီး စာကြည့်တိုက်၊ စုဝေးခန်းမ၊ လျှပ်စစ်အလုပ်ရုံ၊ ပထမထပ်ရှိ စာသင်ခန်းများ၊ ပုံဆွဲခန်း၊ သိပ္ပံလက်တွေ့ဓာတ်ခွဲခန်း၊ ကွန်ပျူတာခန်းနှင့် တိုင်းတာရေး အလုပ်ရုံ၊ ပင်မဆောင် အပြင်ဘက်၊ မော်တော်ယာဉ် နည်းပညာ အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးကာ MSME မြှင့်တင်ရေးနှင့် မော်တော်ယာဉ် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ နိုင်ငံ့လူငယ်များကို နည်းပညာ အရည်အသွေးပြည့်မီရေးအပြင် ဗလငါးတန်နှင့် ပြည့်စုံအောင် အစဉ် မြေတောင်မြှောက်ပေးသွားရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရတနာဂဟေဆက် နည်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး အလုပ်ရုံများ၌ ကြည့်ရှုစစ်ဆေးကာ နိုင်ငံ့အကျိုးပြု လုပ်ငန်းများ၌ အထောက်အကူပြု ပါဝင်ဆောင်ရွက်နိုင်သော ဂဟေဆက်နည်းပညာရှင်များကို စံနှုန်းပြည့်မီရုံအပြင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကိုပါ လေ့ကျင့်ပျိုးထောင်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျောင်းကုန်းမြို့၌ နွေရာသီ ကွန်ပျူတာအခြေခံသင်တန်းဖွင့်

**ကျောင်းကုန်း မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ နွေရာသီကွန်ပျူတာ(အခြေခံ)သင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ကွန်ပျူတာသင်တန်း နည်းပြဆရာ ဦးသစ်သူရဈာန်(ရွှေခေတ်စံ)က Microsoft Word၊ Excel၊ Power Point တို့ကို သင်ကြားပေးမည်ဖြစ်ကာ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက် သင်ကြားလျက်ရှိသည်။ သင်တန်းကာလမှာ မတ် ၂၄ ရက်မှ မေ ၂၄ ရက်အထိ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၄**

မတ် ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် . . .

**စိုးဝင်း (MANA)**

ယနေ့အထိ ကျွန်တော်တို့ကြိုက်နှစ်သက်ဆဲ၊ လေလှိုင်းမှ အမြဲမပြတ်ပျံ့လွင့်လာနေဆဲ တေးသီချင်းတစ်ပုဒ်ဖြစ်သည့် "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဆိုသည့်သီချင်းမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်စာသားများရေးသားပြီး ဆရာဦးရွှေတိုင်ညွန့်အား သံစဉ်သွင်း၍ သီကုံးရေးစပ်စေခဲ့ခြင်းဖြစ်သည်ဟု မှတ်သားမိဖူးပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်ကြီးကို အင်အားတောင့်တင်းခိုင်မာအောင် ပြုစုပျိုးထောင်လိုသည်။ တိုးချဲ့ဖွဲ့စည်းရန် ဆန္ဒပြင်းပြခဲ့သည်။ ယင်းသို့ တပ်မတော် အင်အားတောင့်တင်းခိုင်မာပါမှလည်း နိုင်ငံတော်၏အချုပ်အခြာအာဏာ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းတွင် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူ အနော်ရထာ၊ ဒုတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သူ ဘုရင့်နောင်၊ တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူ အလောင်းဘုရားဟူ၍ အထင်အရှား မှတ်တမ်းတင်ထားခဲ့ကြသည်။ တပ်မတော်အင်အားခိုင်မာတောင့်တင်းအောင် တည်ထောင်ခဲ့ကြသည့် အဆိုပါဘုရင်များလက်ထက်တွင် နိုင်ငံတော်သည် ခံ့ညားထည်ဝါ၊ တင့်တယ်ဝင့်ကြွားခဲ့သည်။ အမျိုးဘာသာ သာသနာအကျိုးကို ထိရောက်အောင်မြင်စွာ သယ်ပိုးနိုင်ခဲ့ကြသည်။ နိုင်ငံသူ နိုင်ငံသားများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ တိုင်းတစ်ပါးက လေးစားခန့်ညားခဲ့သည်။

အနော်ရထာ (အေဒီ ၁၀၄၄ - ၁၀၇၇) သည် နိုင်ငံတော်၏ ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရန်အတွက် ပဒေသရာဇ်မြို့ပြနိုင်ငံများကို မိမိဩဇာအာဏာအောက်ကို သိမ်းသွင်းခဲ့သည်။ စစ်သည်ရဲမက်များကိုဖွဲ့စည်းရာ၌ ကျေးရွာ၊ မြို့နယ်၊ ခရိုင်တို့၏ အင်အားအလိုက် ရာပြုမြို့၊ ထောင်ပြုမြို့များ သတ်မှတ်တည်ထောင်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးအခင်းပေါ်ပေါက်လာသည့်အခါ ယင်းခရိုင်၊ မြို့၊ ရွာများမှ သတ်မှတ်ဦးရေအတိုင်း လက်နက်ကိုင်တပ်ဖွဲ့များစုစည်းသည်။ အေဒီ ၁၀၆၀ ပြည့်နှစ်ခန့်က နန်းစောနှင့် အခြားပြည်ပကျူးကျော်မှုအန္တရာယ်များကို ခုခံကာကွယ်နိုင်ရန် ခံတပ်မြို့ပေါင်း ၄၃ မြို့ကိုလည်း တည်ထောင်ခဲ့သည်။ ယင်းသို့နိုင်ငံတော်ကာကွယ်ရေး ပြင်ဆင်ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းကြောင့်လည်း နိုင်ငံတော်၏ အခြေခံအုတ်မြစ် ခိုင်ခံ့ခဲ့သည်။

ဘုရင်အနော်ရထာ၏ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်း၌ အရေးပါသည့် အချက်တစ်ချက်မှာ စွမ်းရည်သတ္တိနှင့်ပြည့်စုံသော သူရဲကောင်းများကို မြတ်နိုးစွာ ချီးမြှင့်မြှောက်စားခြင်းပင် ဖြစ်သည်။ ၎င်းလက်ထက်တွင် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဟူသည့် သူရဲကောင်းများပေါ်ထွန်းခဲ့သည်။ ယင်းသူရဲကောင်းများ၏ စစ်ရေးစွမ်းရည်များက နိုင်ငံထူထောင်ရာတွင် များစွာအကျိုးပြုခဲ့သည်။ အနော်ရထာလက်ထက်တွင် မြန်မာနိုင်ငံတစ်ဝန်း စစ်မှန်သည့် ထေရဝါဒဗုဒ္ဓဘာသာကို ထွန်းကားစည်ပင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

ထေရဝါဒဗုဒ္ဓဘာသာ စည်ပင်ထွန်းကားလာသည်နှင့်အမျှ တိုင်းသူပြည်သားများ၏ ကိုယ်ကျင့်တရားများ တိုးတက်မြင့်မားကာ လူမှုရေးလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာလာသည်နှင့်အမျှ စားရေရိက္ခာပိုမို စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပန်းလောင်မြစ်၊ မဲ့တ္တရာမြစ်စသည်တို့မှ ဆည်ပေါင်းများစွာ တည်ဆောက်ကာ လယ်ယာစိုက်ပျိုးရေးကို အားပေးချီးမြှောက်ခဲ့ခြင်းကြောင့် ဆန်ရေစပါးပေါကြွယ်ဝကာ တိုင်းပြည် စည်ပင်ဝပြောခဲ့သည်။

အေဒီ ၁၆ ရာစုအဦးပိုင်း၌ နိုင်ငံမှာ စည်းလုံးမှုကင်းမဲ့ပြီး အကွဲကွဲအပြားပြားဖြစ်နေခဲ့သည်။ ယင်းအခြေအနေများကို တည်ငြိမ်အောင် ပြန်လည်ထိန်းသိမ်းကာ စည်းလုံးညီညွတ်သော ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဦးဆောင်တည်ထောင်ခဲ့သူမှာ ဘုရင့်နောင် (အေဒီ ၁၅၅၁-၁၅၈၁) ပင် ဖြစ်သည်။ ဘုရင့်နောင်သည် အစည်းပြေလျက်ရှိသော နိုင်ငံတစ်ဝန်းလုံးကို စစ်ရေးအင်အားဖြင့် သိမ်းသွင်းစုစည်းနိုင်ခဲ့ရုံသာမက ကသည်း၊ ဇင်းမယ်၊ လင်းပင်စသည့် အိမ်နီးချင်းနိုင်ငံများ၏ နယ်စပ်မြို့များကိုပါ ချီတက်တိုက်ခိုက်သိမ်းပိုက်ပြီး မြန်မာနိုင်ငံနှင့် တစ်ဆက်တစ်စပ်တည်း တပေါင်းတစည်းတည်း ဖြစ်စေခဲ့သည်။

ထို့နောက်ပိုင်းကာလတွင် စည်းလုံးညီညွတ်မှုပြိုကွဲပြီး သူတစ်လူငါတစ်မင်းဖြစ်ခဲ့ပြန်ရာ မြန်မာတစ်နိုင်ငံလုံး ပြန်လည်စည်းလုံး၍ နိုင်ငံ့အင်အားအထွတ်အထိပ်ရောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သူမှာ အလောင်းဘုရား (အေဒီ ၁၇၅၂-၁၇၆၀) ဖြစ်သည်။ အလောင်းဘုရားသည် မိမိဒေသအတွင်း ပထမဦးစွာ စစ်ရေးအင်အား စတင်တည်ဆောက်လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ မြင်းရည်တက်သွေးသောက်အဖွဲ့များ ဖွဲ့စည်းလေ့ကျင့်၍ မြေလှန်စနစ်ကို စစ်နည်းဗျူဟာမြောက်ကျင့်သုံးခဲ့ကာ တပ်အင်အားကို ကြီးမားစေခဲ့သည်။ ၁၇၅၄ ခုနှစ်မှ ၁၇၅၇ ခုနှစ်အတွင်း ချင်းတွင်း၊ အင်းဝ၊ မိုးညှင်း၊ မိုးကောင်း၊ ပြည်၊ မြန်အောင်၊ ဒဂုံ၊ သန်လျင်၊ ဟံသာဝတီစသည်ဖြင့် အကွဲကွဲအပြားပြား သူတစ်လူငါတစ်မင်းဖြစ်နေသော မြို့ပြနိုင်ငံငယ်လေးများအား တိုက်ခိုက်သိမ်းသွင်းကာ တပ်မတော်အင်အားတောင့်တင်းခိုင်မာစေခဲ့သည်။ တပ်မတော်အင်အားကြီးမားလာသည်နှင့်အမျှ ၁၇၅၈ ခုနှစ်တွင် မဏိပူရအားလည်းကောင်း၊ ၁၇၅၉ ခုနှစ်တွင် အယုဒ္ဓယမြို့အားလည်းကောင်း ချီတက်တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းဖြင့် မြန်မာ့တပ်မတော်၏အင်အားစွမ်းပကားကို ပြသခဲ့သည်။

> "ကျွန်ုပ်တို့ အဘိုးအဘွားများ၏ အသက်သွေးပေါင်းများစွာဖြင့် ရင်းနှီးရယူခဲ့ရသော လွတ်လပ်ရေးကြီး အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲရေးအတွက် ထာဝစဉ်ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်ကြီးကို မပြိုကွဲအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ရန် လိုအပ်ပါသည်။ တပ်မတော်ကြီး ပိုမိုခေတ်မီတိုးတက်အောင်၊ ခိုင်မာတောင့်တင်းအောင်လည်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်"

> "မြန်မာနိုင်ငံသမိုင်းတွင် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူ အနော်ရထာ၊ ဒုတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သူ ဘုရင့်နောင်၊ တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူ အလောင်းဘုရားဟူ၍ အထင်အရှား မှတ်တမ်းတင်ထားခဲ့ကြသည်။ တပ်မတော်အင်အားခိုင်မာတောင့်တင်းအောင် တည်ထောင်ခဲ့ကြသည့် အဆိုပါဘုရင်များလက်ထက်တွင် နိုင်ငံတော်သည် ခံ့ညားထည်ဝါ၊ တင့်တယ်ဝင့်ကြွားခဲ့သည်။ အမျိုးဘာသာ သာသနာအကျိုးကို ထိရောက်အောင်မြင်စွာ သယ်ပိုးနိုင်ခဲ့ကြသည်။ နိုင်ငံသူ နိုင်ငံသားများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ တိုင်းတစ်ပါးက လေးစားခန့်ညားခဲ့

ကုန်းဘောင်မင်းဆက် နောက်ပိုင်းဘုရင်များ၏ စွမ်းရည်ကျဆင်းမှု၊ နည်းပရိယာယ်မကြွယ်ဝမှု၊ စည်းလုံးညီညွတ်ခြင်းအားနည်းမှု စသည်တို့ကြောင့် နိုင်ငံတော်သည် အင်အားချည့်နဲ့သွားခဲ့ပြီး ထီးကျိုးစည်ပေါက်၊ သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ မြန်မာ-အင်္ဂလိပ်စစ်ပွဲသုံးကြိမ်၏ တိုက်ပွဲစဉ်များကို အသေးစိတ်လေ့လာသုံးသပ်မည်ဆိုပါက မြန်မာတို့၏ မယှဉ်သာသော ဇာတိသွေး ဇာတိမာန်နှင့် သူ့ကျွန်မခံလိုသော ဖွဲ့သတ္တိအားမာန်အပြည့်အဝရှိသော်လည်း လူ၊ လက်နက်တောင့်တင်းခိုင်မာသည့် တပ်မတော်တစ်ရပ်တည်ဆောက်နိုင်မှု မရှိခဲ့ခြင်းကြောင့်လည်း မိမိတို့ထက် လူ၊ လက်နက်အင်အားအရာတွင် အဆများစွာသာလွန်သည့် ဗြိတိသျှနယ်ချဲ့တို့ကို အားမတန်၍ မာန်လျှော့ခဲ့ရသည်။ မြန်မာတို့က ဓားကိုဓားချင်း၊ လှံကိုလှံချင်း အသက်ချင်းလဲ၍ ယှဉ်ပြိုင်တိုက်ခိုက်နိုင်သူများ ဖြစ်ကြသော်လည်း အင်္ဂလိပ်-မြန်မာစစ်ပွဲများတွင် ဓားနှင့်သေနတ်၊ လှံနှင့်အမြောက် ယှဉ်ပြိုင်ခဲ့ရခြင်းကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ အဘိုးအဘွားများ၏ အသက်သွေးပေါင်းများစွာဖြင့် ရင်းနှီးရယူခဲ့ရသော လွတ်လပ်ရေးကြီး အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲရေးအတွက် ထာဝစဉ်ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်ကြီးကို မပြိုကွဲအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ရန် လိုအပ်ပါသည်။ တပ်မတော်ကြီး ပိုမိုခေတ်မီတိုးတက်အောင်၊ ခိုင်မာတောင့်တင်းအောင်လည်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးအချုပ်အခြာအာဏာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် Military Might ခေါ် တပ်မတော်အင်အား တောင့်တင်းခိုင်မာမှုသည် မရှိလျှင်မဖြစ်သည့် အဓိက စွမ်းအားတစ်ရပ်ဖြစ်သည်။ Military Might ရှိမှသာ တိုင်းပြည်ငြိမ်းချမ်းသာယာ၍ Unity Might ခေါ် စည်းလုံးညီညွတ်မှုစွမ်းအားနှင့် Economic Might ခေါ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစွမ်းအားများ ပြည့်ဝလာမည်ဖြစ်သည်။ ယခုအခါ Economic Might နှင့် ပြည့်စုံ၍ ခေတ်မီတိုးတက်လျက်ရှိသော ကမ္ဘာ့နိုင်ငံကြီးများပင် Military Might ကို အထူးအလေးထားလျက် ခေတ်မီဆန်းသစ်သော နည်းပညာရပ်များနှင့် လက်နက်စွမ်းပကားကို တီထွင်ထုတ်လုပ် အသုံးပြုနေကြသည်။

ယောမင်းကြီးဦးဖိုးလှိုင် (မြန်မာသက္ကရာဇ် ၁၁၉၁-၁၂၄၅)၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံကာကွယ်ရေးစိတ်ဓာတ်များဖြင့် ရေးသားဆုံးမခဲ့သည့် **"စစ်သည်လက်နက်အင်အားနှင့် ပြည့်စုံမည်ဆိုလျှင် တစ်ပါးသူတို့ ကြံဝံ့မည်မဟုတ်၊ တိုင်းပြည်ငြိမ်းချမ်းသာယာ၍ ပြည်သူပြည်သားတို့ ချမ်းသာကြမည်ဖြစ်သည်၊ သို့မဟုတ်က နှာခေါင်းရှည်ရှည်နှင့် လူမျိုးခြားတို့က ကျွန်ုပ်တို့ မြန်မာအမျိုးသမီးများကို နမ်းရှုပ်ခြင်းပြုကြလိမ့်မည်"** ဟူသော စကားသည် ယခုအခါ နှစ်ပေါင်းများစွာ ကြာလာပြီဖြစ်သော်လည်း မှန်ကန်နေဆဲပင်ဖြစ်သည်။ နောင်နှစ်ပေါင်းထောင်သောင်းသိန်းသန်းမက ကမ္ဘာတည်သရွေ့လည်း ဆက်လက်မှန်ကန်နေဦးမည်ဖြစ်သည်။ ကျွန်ုပ်တို့သားစဉ်မြေးဆက် ထာဝရမှတ်သားလိုက်နာကြရမည့် ဆုံးမဩဝါဒများပင် ဖြစ်သည်။

တပ်မတော်အင်အား ခိုင်မာတောင့်တင်းရေးနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော် (Standard Army) တစ်ရပ်အဖြစ် ရည်မှန်းချက်ထားပြီး ဖွဲ့စည်းတည်ဆောက်ပေးခဲ့သည်။ တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် ခြေလျင်တပ်ရင်းတပ်ဖွဲ့များကိုသာမက တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ၏ စွမ်းရည်၊ စွမ်းအားများကိုလည်း မြှင့်တင်ပေးခဲ့သည်။ တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ဝင်များတွင် လိုအပ်သည့် လက်နက်စနစ်များအပြင် အခြားလိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ဖြည့်တင်းခြင်း၊ ကိုယ်ပိုင်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

# ပြည်ရွာအတွက် လက်ချင်းဆက်

✻ ဟိုမှာသည်မှာ၊ များသူငါတို့
ပြည်ရွာလွတ်ရေး၊ စေ့စေ့တွေး၍
ရေးခွင့်ကြုံခိုက်၊ ပါဝင်လိုက်ကာ
အမိုက်ရန်မျိုး၊ ရိုက်ဖျက်ချိုးဖို့
အမျိုးအတွက်၊ ချွေးသွေးသက်ကို
ဖက်ရွက်ပမာ၊ မတွယ်တာဘဲ
ငါလည်းထို့တူ၊ လူထဲလူဟု
အတူလိုက်ခဲ့၊ ပါဝင်ခဲ့ပြီ
ကြားခဲ့ဖူးသော စကားသံ...။
တပ်မတော်တည်စ ဖြစ်ရပ်မှန်...။

✻ ရန်ကုန်သာမှု၊ အစိုးရဟု
ပြုကြပြက်ရယ်၊ ချိန်ခါဝယ်တည့်
လူငယ်ကျောင်းသား၊ များအပြားလျှင်
အများအရေး၊ ပြည့်အရေးဟု
လေးဖင့်မရှိ၊ ပင်ကိုသိဖြင့်
မိဘ–ကျောင်းစာ၊ ခဏခွာလျက်
ပြည်ရွာအတွက်၊ ချွေးသွေးသက်ကို
နှင်းဆက်ကြသည့်၊ သမိုင်းရှိကို
ကြားသိဖူးသော စကားသံ...။
လွတ်လပ်ခါစ ဖြစ်ရပ်မှန်...။

✻ ထိုမှထိုမှ၊ ရှုမြင်ကမူ
ဆန္ဒခိုင်ခိုင်၊ ကိုယ်ကိုယ်တိုင်၏
နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့
လျှံဖိတ်ပြည့်ဝ၊ ဝင်လာကြသည့်
များစွာစစ်သည်၊ အလီလီဝယ်
ဖြစ်တည်ခဲ့ပါ၊ ငါလည်းပါ–ဟု
လက်ဖွဲ့ရင်း၊ ဆုပ်လက်တင်းသည်
ဘယ်မင်းဖက်ပြိုင် ယှဉ်ပါအံ့...။

✻ ယနေ့သောခါ၊ ဤမြေချာတွက်
သူငါယောကျာ်း၊ ငယ်သူများတည့်
ပြုထားညွှန်းစေ၊ ဥပဒေဖြင့်
မသွေညီစွာ၊ လေ့ကျင့်ကြနှင့်
ထိုမှရှေ့တန်း၊ စစ်စခန်းဝယ်
အောင်ပန်းဆွတ်ကြ၊ ရဲစွမ်းပြဟု
ကြားရသော်တည့်၊ ရွှန်းပီတိတို့
ဆီထိပွမ်းနယ်၊ ဂုဏ်ဝင့်ထည်သည်
ဘယ်မင်းဖက်ပြိုင် ယှဉ်ပါအံ့...။

✻ သြော်...
သည်မြေမှာဖွား၊ သည်ပြည်သားဟု
ဝင့်ကြွားမာန်တက်၊ ရဲသွေးထက်၍
မျိုးဆက်ခုမှ၊ မည့်ကြဖို့
လှစ်ပြလက်ာ၊ ညွှန်းဆိုပါသည်
ပြည်ရွာအတွက် လက်ချင်းဆက်...။
သမိုင်းရွှန်းပြောင် တလက်လက်...။

**မောင်စိမ်းနောင်(လယ်ဝေး)**

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်း သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် မတ် ၂၄**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နွေရာသီကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသည့် သင်တန်းသား/သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

**ဖွင့်လှစ်သင်ကြားပေး**

အဆိုပါသင်တန်းများကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် သင်တန်းသား/ သင်တန်းသူ ၉၉၀ ဖြင့် မတ် ၁၀ ရက်မှ ယနေ့အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့ပူးပေါင်း၍ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့ပူးပေါင်း၍ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် ၃၄ ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။





ဦးစွာ ဒုတိယဝန်ကြီးက ယခုအခါ နွေရာသီသို့ရောက်ရှိလာပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို ကြိုတင်စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် မီးသတ်ဦးစီးဌာန၏အကူအညီဖြင့် ယခုကဲ့သို့ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်း အစီအစဉ်ကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ မီးဘေးအန္တရာယ်သည် ပေါ့ဆ၍မရသဖြင့် မီးဘေးလုံခြုံရေးစီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခု မီးသတ်ဦးစီးဌာနမှ ရှင်းလင်းဆွေးနွေးမှုများကို သိရှိမှတ်သားပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ ဥတ္တရခရိုင်မီးသတ်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အချက်များ၊ လက်တွေ့မီးငြိမ်းသတ်မှုများနှင့် ရှောင်ရှားရမည့်အချက်များနှင့် အမှုအကျင့်များကို ဖြစ်ပွားခဲ့သော မီးဘေးများနှင့်စပ်လျဉ်းသည့် အတွေ့အကြုံများနှင့်နှိုင်းယှဉ်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးငြိမ်းသတ်မှုဆိုင်ရာ နည်းလမ်းများကို လက်တွေ့သရုပ်ပြကြပြီး ဝန်ထမ်းများကိုယ်တိုင် လက်တွေ့လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

*စာမျက်နှာ ၁၀ မှ*

ထို့အပြင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစတင်၍ ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်သည့် နေ့ရက်သတ်မှတ်ခဲ့ပြီး အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုသည့် သားကောင်းရတနာများကို စည်းရုံးစုစည်းကာ အခြေခံစစ်ပညာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများက ရဲစွမ်းသတ္တိအပြည့်ဖြင့် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည်၊ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်နေကြသည်ကို တွေ့မြင်ကြားသိရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ဖြစ်ရပါသည်။ (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု၍ ဆရာရွှေတိုင်ညွန့်၏ အောက်ပါ တေးတစ်ပိုဒ်ဖြင့် နိဂုံးချုပ်လိုက်ပါသည်–

**“တပ်မတော်သာလျှင် နိုင်ငံ့အမြတ်ကို ပေးအပ်နိုင်လိမ့်မည် xxxxx တပ်မတော်သာလျှင် နိုင်ငံ့အကျိုးကို တိုးတက်စေနိုင်သည် xxxxx တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် xxxxx တပ်မတော်အင်အားရှိအောင် စွမ်းဆောင်ကာကြံစည် xxxxxxx ငွေအားနဲ့ လူအားနဲ့၊ လူအားနဲ့ ငွေအားနဲ့ အရာရာမှာကူညီ xxxxxxxx အင်အားသစ်ဖြည့်တင်းဖို့၊ ခွန်အားသစ်ထပ်လောင်းဖို့ နှိုးဆော်ပါသည် .... အကျိုးမျှော်ကာရည် xxxxxxxx တပ်မတော်သည် နိုင်ငံ့လက်နက်အကြီးဆုံးဖြစ်တော့သည်”**

ကျမ်းကိုး
- အနော်ရထာ– ဒေါက်တာကျော်ဝင်း
- ဘုရင့်နောင် – ကထိကဦးစိန်လွင်လေး
- အလောင်းမင်းတရား– ဒေါ်အုန်းကြည်
- ဆောင်းပါးရှင် စိုးဝင်းမောင်၏ ၂၃-၃-၂၀၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါဆောင်းပါး

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) က စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်

**နေပြည်တော် မတ် ၂၄**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သွေးအလှူရှင်များ တက်ရောက်ကြသည်။


**စုပေါင်းသွေးလှူဒါန်း**

ဦးစွာ သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်**

ယင်းနောက် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ၏ သွေးလှူဒါန်းမှုအပေါ် ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပခုက္ကူမြို့နယ်အဆင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး ဆင့်ပွားသင်တန်းဖွင့်

**ပခုက္ကူ မတ် ၂၄**

ပခုက္ကူမြို့နယ် အခြေခံပညာကျောင်းအဆင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး ဆင့်ပွားသင်တန်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၉)အခြေခံပညာ မူလတန်းကျောင်း (မြစ်ကိုင်း)၌ ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် ပခုက္ကူခရိုင်ပညာရေးမှူး ဦးနိန်ဟုန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက တစ်ဦးချင်းမိတ်ဆက်ကြပြီး သင်တန်းများ ဖွင့်လှစ်ပို့ချသည်။



အဆိုပါသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၇၇ ကျောင်းမှ တာဝန်ခံကျောင်းအုပ်ကြီးများ တက်ရောက်သင်ယူကြမည်ဖြစ်ပြီး နည်းပြဆရာ ဆရာမ ၁၅ ဦးက မတ် ၂၄ ရက်မှ ၂၆ ရက်အထိ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး၊ ကျန်းမာပျော်ရွှင်မှုနှင့် စိတ်ဖိစီးမှုဆိုင်ရာများ၊ စိတ်ပိုင်းဆိုင်ရာ ကနဦး ကူညီစောင့်ရှောက်နည်း၊ ဆက်သွယ်ပြောဆိုမှုနှင့် နားထောင်မှုပညာ၊ ဘေးကင်းလုံခြုံပြီး ကာကွယ်စောင့်ရှောက်မှု ပေးနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးနည်း၊ ဆရာ ဆရာမများ၏ မိမိကိုယ်ကို ဂရုစိုက်စောင့်ရှောက်နည်းနှင့် ကိုယ်စိတ်ကျန်းမာပျော်ရွှင်စွာ ပြုမူနေထိုင်နည်း၊ အပြုသဘောဆောင်သော စည်းကမ်းချက်များနှင့် ဘာသာရပ်များအားလုံး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း စသည်တို့ကိုစာတွေ့ လက်တွေ့သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

✪ *ကျောဖုံးမှ*

ရှိုင်ဘာကီနာသည် မိုင်ယာမီအိုးပင်း ၆၄ ဦးအဆင့်တွင် ယူလီယာပူတင်ဆီဗာ၊ ၃၂ ဦးအဆင့်တွင် မာတာကော့တစ်တို့ကိုလည်း အဆင့်ဆင့် ကျော်ဖြတ်ထားသည်။ ရှိုင်ဘာကီနာသည် မိုင်ယာမီအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် နာမည်ကြီး အမေရိကန်တင်းနစ်မယ် ဂျက်ဆီကာ ပဲဂူလာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပဲဂူလာသည် ၁၆ ဦးအဆင့်တွင် ရိုမေးနီးယား တင်းနစ်မယ် ဂျက်ကလင်း ခရစ္စတီယန်ကို ၆-၄၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ် တက်လှမ်းလာသူဖြစ်သည်။ ရှိုင်ဘာကီနာနှင့် ပဲဂူလာတို့သည် ယခုပြိုင်ပွဲမတိုင်မီကျင်းပခဲ့သည့် အင်ဒီးယန်းဝဲလ်စ်အိုးပင်း ကွာတားဖိုင်နယ်တွင် အနီးစပ်ဆုံးထိပ်တိုက်တွေ့ဆုံထားပြီး ရှိုင်ဘာကီနာက အကြိတ်အနယ်ယှဉ်ပြိုင်ကာ ၆-၁၊ ၇-၆ (၇-၄) ရလဒ်ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်သို့ တက်လှမ်းထားနိုင်သည်။ ထို့အပြင် ရှိုင်ဘာကီနာနှင့် ပဲဂူလာတို့သည် WTA Tour ပြိုင်ပွဲများတွင် ရှစ်ကြိမ်တွေ့ဆုံထားပြီး ကမ္ဘာ့နံပါတ် ၂ တင်းနစ်မယ် ရှိုင်ဘာကီနာက ငါးကြိမ်အထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။ ရှိုင်ဘာကီနာနှင့်အတူ မိုင်ယာမီအိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ဗစ်တိုးရီးယား အမ်ဘိုကို၊ ကာရိုလီနာ မူချိုဗာ၊ ဘီလင်ဒါဘင်းဆစ်၊ ကိုကိုဂေါ့ဖ်၊ ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် အရှိုင်နာ ဆာဘာယ် လင်ကာ၊ ဟေလီဘက်တစ်စတီတို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် DPLA အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦး၊ KNDF အဖွဲ့ဝင် အမျိုးသား ငါးဦး၊ PNLO အဖွဲ့ဝင် အမျိုးသား ၁၄ ဦးနှင့် သထုံ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား တစ်ဦး စုစုပေါင်း အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆိုင်ရာ ပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M-16 တစ်လက်၊ M-22 နှစ်လက်၊ စနိုက်ပါ တစ်လက်၊ AK- 47 တစ်လက်၊ Type-81 သုံးလက်၊ ပစ္စတို နှစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။


ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပစ္စတိုနှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၄၀၊ မောင်းပြန်ရိုင်ဖယ် ရှစ်လက်အတွက် ငွေကျပ်သိန်း ၄၀၀၊ အလင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၄၉ သိန်း စုစုပေါင်းငွေကျပ် ၄၈၉ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေး ခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်း မရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ကျွန်တော် ကတော့ အကြမ်းဖက် DPLA အဖွဲ့ကနေ မှားခဲ့တာတွေ မှားခဲ့ပြီဖြစ်တဲ့ အတွက် အမှားတွေကို အမှန်ပြင်ဖို့ အတွက် အလင်းလာဝင်ရောက်တာဖြစ်ပါတယ်။ အလင်းလာဝင်ရောက်တဲ့ အချိန်မှာလည်း







တပ်မတော်မှ တာဝန်ရှိသူတွေက ကျွန်တော်တို့ကို မိသားစုသဖွယ် ညီအစ်ကို မောင်နှမ အရင်း အချာလိုမျိုး ပြောဆိုဆက်ဆံတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာကျေနပ်ပါတယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချလိုက်တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ ဒါကြောင့်မို့ ကျန်ခဲ့တဲ့ တောထဲမှာရှိနေတဲ့ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေ ရဲဘော်တွေကိုလည်း တော်လှန်ရေးလုပ်ပြီးတော့ ဘာကို တော်လှန်လို့ တော်လှန်နေမှန်းမသိဘဲနဲ့ အဓိပ္ပာယ်မဲ့ အသက်တွေစတေးမယ့် အတူတူတော့ ကျွန်တော်တို့လိုမျိုးပဲ မိသားစုလည်း စုံစုံလင်လင် နွေးနွေးထွေးထွေး ပြန်နေရအောင်လို့၊ ဘဝကို အေးအေးဆေးဆေး ဖြတ်သန်းရအောင်လို့ တပ်မတော်နဲ့ လက်တွဲပြီးတော့ အလင်းလာဝင်ရောက်ဖို့အတွက် ဖိတ်ခေါ်တိုက်တွန်းချင်ပါတယ်။

၂။ ကျွန်တော်ကတော့ သထုံအကြမ်းဖက် PDF အဖွဲ့က အလင်းဝင်ရောက်လာသူ ဖြစ်ပါတယ်။ ဒီ ၂၀၂၅ ဩဂုတ်လမှာ ကျွန်တော် ထွက်ပြေးလာခဲ့ပြီး တောင်ကြီးမှာရှိတဲ့ ကျွန်တော့်ရဲ့ အစ်ကိုတစ်ယောက်ဆီကို တိမ်းရှောင်ပြီးတော့ ဒီကတပ်မတော်မှာ ရှိတဲ့အရာရှိတွေကို ကျွန်တော်လှမ်းပြီး ဆက်သွယ်တယ်။ ကျွန်တော်လှမ်းပြီး ဆက်သွယ်တဲ့အခါမှာလည်း ဆရာတို့က ကျွန်တော့်ကို ညီအစ်ကို မောင်နှမလို၊ မိသားစုလို ဆက်ဆံတယ်။ ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့တယ်။ မိသားစုနဲ့ ပြန်လည်တွေ့ဖို့ ကျွန်တော့်ကို လုပ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်တယ်။ ကျွန်တော့်လိုပဲ အမြင်မှန်ရပြီးတော့ အလင်းဝင်လာဖို့အတွက် ကျွန်တော်ဖိတ်ခေါ်ချင်ပါတယ်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် မတ် ၂၄**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံမှတနိုင်ငံသံရုံးမှ Counsellor Mr. Wuchan Rhee နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၂၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၁၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၃၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီး၌ ဆယ်အိမ်စုမှူး မွမ်းမံသင်တန်းဖွင့်လှစ်

**ပုသိမ် မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ဆယ်အိမ်စုမှူး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက် အောင်မြင်ရေးအတွက် အသင်းဝင် ဆယ်အိမ်စုမှူးများကို မွေးထုတ်ပေးခြင်းဖြစ်ပြီး ကျေးရွာများအရောက် ကွင်းဆင်း၍ ဆယ်အိမ်လျှင်တစ်ဦးကျ မိမိအိမ်အပါအဝင် ကျေးရွာပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အခြေခံလိုအပ်ချက်များကို ထိရောက်အောင်မြင်စွာ အကူအညီပေးနိုင်ရေးအတွက် ယခုလို သင်တန်းများ ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာသီဟအောင်နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခရိုင်နှင့် မြို့နယ် ၂၆ မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်စုစုပေါင်း ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင်ဒေါ်နီနီဟန်က သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




> အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## အစိုးရဓမ္မာစရိယစာမေးပွဲ (ဒုတိယနေ့)ကျင်းပ

**နေပြည်တော် မတ် ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့(ဒုတိယနေ့)အဖြစ် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၁၃၁၇၈ ပါး/ဦးအနက် ၁၀၉၆၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၂၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန် ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း ဘာသာ၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်ဘာသာ အစီအစဉ်များကို ည ၂၃:၀၀ နာရီ အထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀နာရီမှ ၇:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၇:၀၀ နာရီမှ ၈:၀၀နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ နံနက် ၉:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၉:၀၀ နာရီမှ နံနက် ၁၁:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၁:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ မွန်းလွဲ ၁၅:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ ည ၁၇:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၂:၀၀နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၂၂:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

**သတင်းစဉ်**




## မြန်မာ့ကော်ဖီခင်းပုံ (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချမည်

**နေပြည်တော် မတ် ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် မြန်မာ့ကော်ဖီကို ဂုဏ်ပြုသောအားဖြင့် **မြန်မာ့ကော်ဖီခင်းပုံ (၂၀၀ ကျပ်တန်) အထူးထုတ်** စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား **၂၀၂၆ ခုနှစ်၊ မတ်(၂၇) ရက်၊ မြန်မာ သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၀)ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှ**စတင်၍ နေပြည်တော်ဇဗ္ဗုသီဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဇဗ္ဗုသီဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၆ ခုနှစ်၊ မတ် (၂၇)ရက် (သောကြာနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် **(Firstday Cover)** များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံ့အရန်ရေနံများကို စတင်ဖြန့်ဝေတော့မည်ဟု ဂျပန်ဝန်ကြီးချုပ်ပြော

**တိုကျို မတ် ၂၄**

ဂျပန်ဝန်ကြီးချုပ် တာကာအိချီဆာနာအဲက နိုင်ငံ၏ အရန်ရေနံများကို မတ် ၂၆ ရက်တွင် စတင်ဖြန့်ဝေရန် မျှော်လင့်ထားကြောင်း ပြောသည်။

ဂျပန်အစိုးရသည် အရှေ့အလယ်ပိုင်းအခြေအနေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအစိုးရဝန်ကြီးများအဖွဲ့ကို ဖွဲ့စည်းထားပြီး မတ် ၂၄ ရက်တွင် ပထမဆုံးအစည်းအဝေးကို စတင်ကျင်းပခဲ့သည်။ အစည်းအဝေးတက်ရောက်သူများတွင် တာကာအိချီ၊ နိုင်ငံခြားရေးဝန်ကြီး မိုတဲဂီတိုရှိမစ်ဆုနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး အာကာဇာဝါရှိုးဆဲတို့ ပါဝင်သည်။



တာကာအိချီက အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်နှင့်တွေ့ဆုံစဉ် အရှေ့အလယ်ပိုင်းအခြေအနေ အမြန်ဆုံး တည်ငြိမ်အေးချမ်းရန် အရေးကြီးမှု၊ ဟော်မုဇ်ရေလက်ကြားတွင် ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရန် အရေးကြီးမှု၊ တည်ငြိမ်သော စွမ်းအင်ထောက်ပံ့မှုရရှိရန် အရေးကြီးမှုတို့ အကြောင်းဆွေးနွေးခဲ့သည်ဟု အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်း အခြေအနေကြောင့် ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်မှုကို ဖြေရှင်းရန် သက်ဆိုင်ရာပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ၎င်းတို့၏အရန်ရေနံများကို ဆက်လက်ဖြန့်ဝေပေးရန်နှင့် အစိုးရကလည်း နိုင်ငံ့အရန်ရေနံများကို မတ် ၂၆ ရက်တွင် စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

ရေနံထုတ်လုပ်သော နိုင်ငံများနှင့်ပူးပေါင်းပြီး ဂျပန်တွင် သိုလှောင်သိမ်းဆည်းထားသည့် ရေနံသိုလှောင်မှုများကို ယခုလအကုန်တွင် စတင်ဖြန့်ဝေသွားမည်ဟု တာကာအိချီက ပြောသည်။

ရေနံအခြေခံကုန်ကြမ်းပစ္စည်းတစ်မျိုးဖြစ်သော နပ်သာအပါအဝင် ရေနံထုတ်ကုန်များ၏ ထောက်ပံ့ရေးအခြေအနေအပေါ် စိုးရိမ်လျက်ရှိကြောင်း တာကာအိချီက ဆက်လက်ပြောကြားသည်။

တာကာအိချီက စက်မှု၊ လယ်ယာနှင့်ဆေးဘက်ဆိုင်ရာကဏ္ဍများအတွက် ကုန်ပစ္စည်းများ၏ ထောက်ပံ့ရေးစနစ်အလုံးစုံကို စုစည်းတင်ပြရန် သက်ဆိုင်ရာဌာနအလိုက် ဝန်ကြီးများကို ညွှန်ကြားထားသည်။ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးအခြေအနေနှင့် ဂျပန်တွင်သိမ်းဆည်းသိုလှောင်ထားသည့် ရေနံပမာဏကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း တာကာအိချီက ဆက်လက်ဆွေးနွေးပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**


## ရုရှားအကူအညီဖြင့် ဗီယက်နမ်နိုင်ငံ၌ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

**မော်စကို မတ် ၂၄**

ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး နျူကလီးယား ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ရုရှားအစိုးရက မတ် ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

ထုတ်ပြန်ချက်အရ ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းတို့သည်ရုရှားနိုင်ငံပိုင်နျူကလီးယားကော်ပိုရေးရှင်း အကြီးအကဲ အလက်ဇီ လီကာချော့ဗ်နှင့်အတူ အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းသည် အဆင့်မြင့် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးမည့်အပြင် အခြေခံသုတေသနနှင့် အသုံးချ သိပ္ပံသုတေသနတို့တွင် အားကောင်းစေမည်ဖြစ်ကြောင်း မီရှူစတင်က အစောပိုင်းတွင် ပြောကြားထားသည်။ **ဆင်ဟွာ**



## အီရတ်နယ်စပ်အနီးရှိ ဆီးရီးယားစစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်း ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

**ဒမတ်စကတ် မတ် ၂၄**

အီရတ်နိုင်ငံနှင့် အရှေ့မြောက်ပိုင်းနယ်စပ်အနီး ဆီးရီးယားစစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းတစ်ခု မတ် ၂၃ ရက်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကြောင်း ဆီးရီးယားတပ်မတော်က ပြောကြားသည်။

ဟာဆာကာပြည်နယ် အယ်လ်ယာရူဘီယာမြို့အနီးတွင် တည်ရှိသော အဆိုပါ အခြေစိုက်စခန်းသည် ဒုံးကျည်ငါးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း ဆီးရီးယားတပ်မတော် စစ်ဆင်ရေးကွပ်ကဲမှုဌာနက ထုတ်ပြန်ထားသည်။

အဆိုပါ ဒုံးကျည်များသည် အီရတ်နိုင်ငံအတွင်း ၂၀ ကီလိုမီတာခန့်အကွာ တဲလ်အယ်လ် ဟာဝါ ကျေးရွာအနီးမှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိခိုက်သေဆုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများကို ဖော်ပြထားခြင်း မရှိပေ။ ဒုံးကျည်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဆီးရီးယားအာဏာပိုင်များသည် အီရတ်တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ပြောသည်။

အီရတ်အာဏာပိုင်များသည် တိုက်ခိုက်မှုအတွက် တာဝန်ရှိသူများကို ဖော်ထုတ်ရန် ယင်းဒေသတွင် နယ်မြေရှင်းလင်းရေးနှင့် ရှာဖွေရေးလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ အမျိုးသားစွမ်းအင် အရေးပေါ်အခြေအနေကြေညာ

**မနီလာ မတ် ၂၄**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန် ရာမိုဒက်ဇ် မားကို့စ်သည် မတ် ၂၄ ရက်က အရှေ့အလယ်ပိုင်း ပဋိပက္ခအတွင်း အမျိုးသားစွမ်းအင် အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

မားကို့စ်လက်မှတ်ရေးထိုးခဲ့သော သမ္မတအမိန့်တွင် "ဖြစ်ပေါ်လာမည့် အနီးကပ်အန္တရာယ်" သည် နိုင်ငံ၏စွမ်းအင်ထောက်ပံ့မှုအပေါ် ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနိုင်သည်ဟု ဖော်ပြထားသည်။

သမ္မတအမိန့်တွင် ဖော်ပြထားသည့်အတိုင်း စက်သုံးဆီ၊ အစားအစာနှင့် ဆေးဝါးများအပါအဝင် မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများ စနစ်တကျဖြန့်ဖြူးပေးဝေနိုင်ရေး စောင့်ကြည့်ရန်နှင့်အရေးကြီးသော ပြည်သူ့ဝန်ဆောင်မှုများ၊ သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ်ရှိစေရန် ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းပေးထားသည်။ **ဆင်ဟွာ**

## ဘန်ကောက်အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲ မတ် ၂၅ ရက်တွင် ကျင်းပမည်

**ဘန်ကောက် မတ် ၂၄**

ဘန်ကောက်အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲကို မတ် ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး စက်သုံးဆီသုံးစွဲမှု ချွေတာနိုင်သော ဟိုက်ဘရစ်ကားများနှင့် လျှပ်စစ်ကားများကို အထူးပြသသွားမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခြင်းကို ဖြေရှင်းသည့်အနေဖြင့် ယခုလို ကားပြပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံသည် ဂျပန်ကားထုတ်လုပ်သူများအတွက် အဓိက ကားထုတ်လုပ်သည့်နေရာတစ်ခုဖြစ်ပြီး ယခုကားပြပွဲတွင် ဂျပန်၊ တရုတ်နှင့် အခြားနိုင်ငံများမှ ကားအမျိုးအစားပေါင်း ၄၅ မျိုးကို ပြသသွားမည်ဖြစ်သည်။

ဟိုက်ဘရစ်ကားများ အပါအဝင် စွမ်းအင်ချွေတာနိုင်သော လျှပ်စစ်ကားများကို နစ်ဆန်း၊ မာဇဒါ၊ ဘီဝိုင်ဒီနှင့် ဂရိတ်ဝေါ ကားကုမ္ပဏီများက ပြသသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ကိုလံဘီယာ၌ စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်ပျက်ကျ၊ ၆၆ ဦးသေဆုံး

**ဘိုဂိုတာ မတ် ၂၄**

ကိုလံဘီယာနိုင်ငံ၌ စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း မတ် ၂၃ ရက်က ပျက်ကျမှုဖြစ်ပွားခဲ့ပြီး ၆၆ ဦး ထက်မနည်း သေဆုံးကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။




လူပေါင်း ၁၂၈ ဦး လိုက်ပါလာသော C-130 လေယာဉ်သည် လေယာဉ်ပျံတက်ပြီးမကြာမီ ပီရူးနှင့် အီကွေဒေါ နယ်စပ်အနီး ကိုလံဘီယာနိုင်ငံ ပူတူမာယိုပြည်နယ်တောင်ပိုင်းတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကိုလံဘီယာစစ်ဘက်ဆိုင်ရာက လက်ရှိအချိန်အထိ လူပေါင်း ၆၆ ဦး သေဆုံးကြောင်း အတည်ပြုထားသည်။

ထို့ပြင် ဆေးရုံများတွင် လူပေါင်း ဒါဇင်နှင့်ချီ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်းနှင့် လေးဦး ပျောက်ဆုံးနေကြောင်း ဆက်လက်ပြောကြားသည်။ လေယာဉ်ပျက်ကျမှု ဖြစ်ပွားသည့်နေရာတွင် လေယာဉ်အမြီးပိုင်းကိုသာ ရှင်းရှင်းလင်းလင်းမြင်တွေ့ရပြီး မီးတောက်မီးခိုးများ ထွက်ပေါ်နေသည်ဟု ဆိုသည်။

အမေရိကန် မီဒီယာများတွင် အဆိုပါ လေယာဉ်မှာ လက်နက်ကိုင် မူးယစ်ဂိုဏ်းများအား နှိမ်နင်းရန် တပ်ဖွဲ့ဝင်များကို ယင်းဒေသသို့ ပို့ဆောင်သည့် လေယာဉ်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကိုလံဘီယာ အာဏာပိုင်များသည် ပျောက်ဆုံးနေသော ခရီးသည်များကို ရှာဖွေရန် အပူတပြင်း လုပ်ဆောင်လျက် ရှိကြောင်းနှင့် လေယာဉ် ပျက်ကျရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# သာသနာတော်နှစ် ၂၅၆၉ - ၂၅၇၀ ခုနှစ် သက္ကရာဇ် ၁၃၈၇ - ၁၃၈၈ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်- နှစ်ဆန်း(၁)ရက်နှင့် ဝါဆို - ဝါကပ် - လ - ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**
- ဇေယတု - မြန်မာသက္ကရာဇ် - ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် (၁၃)ရက်
- ရခိုင်သက္ကရာဇ် - ၁၃၈၇ ခုနှစ် ပထမတာကူးလပြည့်ကျော် (၁၃)ရက်
- ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁၄)ရက် အင်္ဂါနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နေ့လွဲ၁၂-နာရီ၊ ၄၉-မိနစ်၊ ၅၈-စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၄)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ပထမတာကူးလပြည့်ကျော် (၁၄)ရက်
- ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၅)ရက် ဗုဒ္ဓဟူးနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှောင်းကဆုန်လဆန်း (၁)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဒုတိယတာကူးလဆန်း (၁)ရက်
- ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၆) ရက်၊ ကြာသပတေးနေ့ မြန်မာစံတော်ချိန် နေ့လွဲ ညနေ ၄-နာရီ၊ ၅၄-မိနစ်၊ ၃၉-စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ - ရခိုင် - နှစ်ဆန်း ၁ ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဦးကဆုန်လဆန်း (၂)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဒုတိယ တာကူးလဆန်း (၂) ရက်
- ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၇)ရက် သောကြာနေ့သည် မြန်မာ - ရခိုင် နှစ်ဆန်း(၁)ရက်နေ့ ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို - ဝါကပ်- လ-ရက်များ**

ဤ ၁၃၈၈ ခုနှစ်တွင် လထပ်ရက်ငင်ရှိသော နှစ်ဖြစ်ပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းအရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ်-၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်၊ ရခိုင်သက္ကရာဇ်-၁၃၈၈ ခုနှစ် ဝါဆိုလပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်၊ ကြာသပတေးနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာရခိုင်သက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့၊ ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့၊ စနေနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

**ဦးပညိန္ဒ** — **ဥက္ကဋ္ဌ**

**ဦးပြေငြိမ်း** — **ဒုတိယဥက္ကဋ္ဌ**

## (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) အသင်းအဖွဲ့သားများက စုပေါင်းသွေးလှူဒါန်း



နေပြည်တော် မတ် ၂၄

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အဖွဲ့သားများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများ၊ ရှမ်းပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)အသင်းမှ တာဝန်ရှိသူများနှင့် သွေးလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များက လှူဒါန်းသည့် သွေးရည်ထုပ်များ၊ ချီးမြှင့်ငွေများနှင့်အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲ၌ သွေးလှူရှင် စုစုပေါင်း ၁၃၆ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြောင်းမြမြို့၌ ကျောင်းဆောင်သစ်နှင့် လမ်းသစ်ဖွင့်ပွဲကျင်းပ

မြောင်းမြ မတ် ၂၄



(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့ အ.ထ.က. (၇) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ထွေးနှင့် မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကောင်းကုံကော်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် အ.ထ.က (ခွဲ)မြို့ဟောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ မြဂုဏ်ရည်လမ်းဖွင့်ပွဲ၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း အ.ထ.က (ဂုန်နီ) ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အ.လ.က လေ့ကျင့်ရေးအခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲများသို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အ.ထ.က (၇) ကွယ်လွယ် ကျောင်းဆောင်သစ် (၁၄၀ x ၃၀) ပေ RCC (နှစ်ထပ်)၊ အ.ထ.က (မြို့ဟောင်း) ကျောင်းဆောင်သစ် (၉၀x၃၀)ပေ RCC (နှစ်ထပ်) ၊ အ.ထ.က (ဂုန်နီ) ကျောင်းဆောင်သစ်(၁၄၀x၃၀)ပေRCC (နှစ်ထပ်)၊ အ.လ.က လေ့ကျင့်ရေးအခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်(၁၀၀x၃၀)ပေ RCC သုံးထပ်တို့ကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မြဂုဏ်ရည် ကွန်ကရစ်လမ်း (အရှည် ၁၄၁၃ ပေ၊ အကျယ် ၁၈ ပေ၊ ထု ၈ လက်မ)အား တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ၂၅၂ ဒသမ ၂၆ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟားခါးတက္ကသိုလ်၌ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၄

ဟားခါးတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော အဆင့်မြင့်ပညာအဆင့် နေ့သင်တန်း ကျောင်းသား ကျောင်းသူများနှင့် ဟားခါးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော သင်ကြား၊ စီမံဝန်ထမ်းများ၏သားသမီး အခြေခံပညာအဆင့်ကျောင်းသား ကျောင်းသူများအား ချင်းပြည်နယ်အစိုးရအဖွဲ့က ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် သုံးထပ်ဆောင် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနွယ်သင်းနီက အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးနှင့် ဝန်ထမ်းမိဘများကိုယ်စား ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့တွင် ဟားခါးတက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူ ၂၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့်လည်းကောင်း၊ ဟားခါးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ သားသမီး အခြေခံပညာအဆင့် တက်ရောက်နေသော ကျောင်းသားကျောင်းသူ ၂၈ ဦးအတွက် တစ်ဦးလျှင် ငါးသောင်းကျပ်နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီး၌ ခန့်မှန်းငွေကျပ် ၂၀ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွှန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များအသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ ညနေ ၃ နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၂၈၅၀၀ ခန့်အကွာ မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ အရောက်၌ မသင်္ကာဖွယ်တဲများအား တွေ့ရှိသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးရာ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ မူးယစ်ဆေးဝါးချက်လုပ်/ ထုပ်ပိုးသည့် မိုးကာတဲကြီး နှစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၃၀ ရှိ ထမင်းစားဆောင် မိုးကာတဲ တစ်လုံးနှင့် လူနေမိုးကာတဲ တစ်လုံး၊ ၁၀ ပေပတ်လည် လူနေမိုးကာတဲ သုံးလုံး၊ အလျား ၁၀ ပေ၊ အနံ ၁၅ ပေရှိ မိုးကာတဲ သုံးလုံးတို့ကို တွေ့ရှိရပြီး ၎င်းတို့အတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော ၁၉ လုံးကျ ရိုက်စက်နှင့် အင်ဂျင်အသေးတွဲလျက်ပါ လေးလုံး၊ WY စိတ်ကြွရူးသွပ်ဆေးပြား ၆၉ သိန်းပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၂၀ ကီလိုဂရမ်စီပါ ခြောက်အိတ်၊ ပန်းရောင် စိတ်ကြွဆေးမှုန့် ၂၀ ကီလိုဂရမ်စီပါ ၁၅ အိတ်၊ အိုက်စ် ၁ ကီလို ဂရမ်စီပါ ၄၉ ထုပ်၊ ကဖင်း ၁၅ ကီလိုဂရမ်စီပါ ၄၆ အိတ်၊ ကဖင်း ၂၀ ကီလိုဂရမ်စီပါ အိတ် ၇၀၊ အခြောက်ခံစတီးဗန်း ၁၆ ဗန်း၊ မူးယစ်ဆေးဝါးမွှေစက်နှင့် အင်ဂျင်အသေးတွဲလျက်ပါ တစ်လုံး၊ ဂတ်စ်အိုး ၃၂ လုံး၊ မီးစက်အကြီး တစ်လုံး၊ မျောက်ခေါင်းတံဆိပ်အနံ့ဆေးရည် အလုံး ၂၀ စီပါ ၁၂ ဖာ၊ Promethazine တံဆိပ်ပါ ချောင်းဆိုးပျောက်ဆေး အလုံး ၂၅၀၊ ဗင်နီလင်း ၄၀ ကီလိုဂရမ်စီပါ လေးအိတ်၊ ကြယ်တံဆိပ် Food Colour ဘူးသေး ၅၀၊ ကီလိုချိန်စက်အကြီး နှစ်ခု၊ စိတ်ကြွဆေးပြားများထည့်သည့် ပလတ်စတစ်ကပ်ခွာအိတ်ငယ်ပါ ဆာလာအိတ် သုံးအိတ်၊ မှိုင်းကိုင်စက္ကူပါဆာလာအိတ် သုံးအိတ်၊ ဆေးပြားရိုက်မှိုတံဆိပ်မပါ ၂၀၃ ချောင်း၊ WY တံဆိပ်ပါဆေးပြား ရိုက်မှို ၂၀၄ ချောင်းနှင့် Starlink Gen 3 တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၂ ဘီလီယံခန့်) နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဒေသတစ်ဝိုက်အားလည်း မသင်္ကာဖွယ် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများရှိနိုင်သေးသဖြင့် နယ်မြေဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့်နေရာပြပုံ။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးအခြောက်ခံဗန်း ၁၆ ဗန်းအား တွေ့မြင်ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးရိုက်စက်အား တွေ့မြင်ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် ပန်းရောင်စိတ်ကြွဆေးမှုန့်များအား တွေ့မြင်ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်) ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် ဂတ်စ်အိုးများအား တွေ့မြင်ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် 11 တံဆိပ်ပါ စိတ်ကြွရူးသွပ်ဆေးပြားအထုပ်ငယ်များအား တွေ့မြင်ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် အဖြူရောင်ကဖင်းအမှုန့်များအား တွေ့မြင်ရစဉ်။

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများအတွက် ထောက်ပံ့ငွေများ ဆက်ကပ်လှူဒါန်း

**ပျဉ်းမနား မတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မန္တလေးငလျင်ကြီးကြောင့် လုံးဝပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများအတွက် ထောက်ပံ့ငွေများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာဇမ္ဗူဟာ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ဆရာတော် သံဃာတော်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးမြင့်စိုးနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်များနှင့် ဧည့်ပရိသတ်များက ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးမြင့်စိုးနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများက ဆရာတော် သံဃာတော် ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး နေပြည်တော်ကောင်စီဝင်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ ပါဠိ တက္ကသိုလ် မင်္ဂလာဇေယျာကျောင်းတိုက် တိုက်အုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခ မထေရ်မြတ်ထံ မန္တလေးငလျင်ကြီးကြောင့် လုံးဝ ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများ အတွက် ထောက်ပံ့ငွေကျပ် ၅၂၈ သိန်းကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက မင်္ဂလာဇမ္ဗူဟာ သာသနာ့ဗိမာန် တော်ကြီးအတွင်း ၂၀၂၆ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေကြသည့် သံဃာ




တော်အား ဖူးမြော်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအတွက် ယာယီဆေးပေးခန်းဖွင့်လှစ် ဆောင်ရွက်ပေးထားမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာဖတ်ဝိုင်းပြုလုပ်

**ရန်ကုန် မတ် ၂၄**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ် (Book Club) အသင်းနှင့် မြို့နယ်စာရေးဆရာ အသင်းတို့ ပူးပေါင်းပြုလုပ်သည့် (၈၁)နှစ် မြောက် တပ်မတော်နေ့အထိမ်းအမှတ် သုတ၊ ရသ၊ စာပေ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို မတ် ၂၂ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာန၌ပြုလုပ်ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခိုင်ဇာထွန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အသင်းနာယကဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ စာရေး ဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့်(တော်မြင့်- ငှက်ဖျား)တို့က အမှာစကားများပြောကြားပြီး အသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး) က မတ် ၂၇ ရက်တွင် ကျရောက်မည့် တပ်မတော်နေ့ အထိမ်းအမှတ် အမိမြန်မာနိုင်ငံတော် လွတ်လပ်ရေးကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် လူငယ်များ မျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးအတွက် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် စာရေးဆရာ မင်းသီဟရာဇာက ၁၉၆၃ ခုနှစ် စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦး ရေးသားထုတ်ဝေခဲ့သည့် "ဒို့တိုင်းဌာနီ" အမည်ရှိ နယ်ချဲ့ဆန့်ကျင်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး နောက်ခံပါရှိသော စာအုပ် ဒုတိယပိုင်းအကြောင်းကို ပြည့်စုံစွာ ဟောပြောဆွေးနွေး၍ စာရေးဆရာ၊ စာပေ ဥယျာဉ်အသင်းဝင်များဖြစ်ကြသည့် တော်မြင့် (ငှက်ဖျား)၊ ကျော်ဇင်ဝင်း (မရမ်းကုန်း)၊ ပျိုပျို ယောဂ(သစ်တော)၊ နန်းဝေ(ပျူပုတီး)၊ ရန်နောင် (ပညာရေး)နှင့် ငွေလင်း (ရုပ်ရှင်)တို့ က သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ကြကာ အသင်းနာယက ဆရာဦးသက်တင် (မောင်သာတင့်-မြန်အောင်) က ကျေးဇူးတင်စကားပြောကြား၍ အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်- မှူးခင်း) က နိဂုံးချုပ်စကားပြောကြားပြီး ဦးဆောင်ဆွေးနွေးသူကို အသင်းတာဝန်ရှိသူ များက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဉာဏ်လင်း**

# သဃ်န်းကျွန်းမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် ဝေဇယန္တာလမ်း ဝေဇယန္တာအိမ်ရာ တိုက် (၂) အခန်း (၁၀၁/၁၀၂)ရှိ သဃ်န်းကျွန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။

သဃ်န်းကျွန်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်မျိုးသူက ဗဟို မိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ဆိုင်ရာနှင့် ပတ်သက်ပြီး ပြည်သူများပိုမိုသိရှိနိုင်ရေး အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **ဇော်မိုး**



# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ မတ် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသ အင်းပေါ်ခုံကျေးရွာ ခိုင်စံပယ်လယ်ယာနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် သမဝါယမ အသင်းဥပဒေပြင်ဆင်မှုဆွေးနွေး ပွဲကို ယနေ့နံနက်ပိုင်းက အင်းပေါ်ခုံ ကျေးရွာ သမဝါယမအသင်းပိုင် အလင်းရိပ် စာကြည့်တိုက်၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်း ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက လုပ်ငန်း ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းပြောကြားပြီး မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက သမဝါယမ



လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်သည့် လုပ်ငန်း များကို မှာကြားသည်။

ဆက်လက်၍ အသင်း၏ စာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်းများ ဖတ်ကြားခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အတည်ပြုချက်ရယူခြင်း ဆောင် ရွက်ခဲ့သည်။ ထို့နောက် သမဝါယမ အသင်းဥပဒေပြင်ဆင်မှုအား ဦးစီး အရာရှိက ဆွေးနွေးကာ အသင်း အမှုဆောင်နှင့် အသင်းသားများ ၏တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဗဟိုမိုဘိုင်းစက်ပစ္စည်းသက် သေခံမှတ်ပုံတင်စနစ် (CEIR) ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မှော်ဘီမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ မှော်ဘီမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်ခိုင်သန်းက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာနှင့် ပတ်သက် ပြီး ပြည်သူများပိုမိုသိရှိနိုင်ရေး အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက သိရှိလို သည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြား ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# နွေသီးနှံစိုက်ပျိုးထားသော ကျေးရွာအုပ်စုများသို့ ယူရီးယားဓာတ်မြေဩဇာ စုပေါင်းရောင်းချ

**သာစည် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နွေသီးနှံ (နွေစပါးနှင့် မိုးကြိုဝါ) စိုက်ပျိုးထားသော ကျေးရွာအုပ်စုများ သို့ ယူရီးယားဓာတ်မြေဩဇာ စုပေါင်း ရောင်းချပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီး ဌာန၌ ပြုလုပ်သည်။

စုပေါင်းရောင်းချပွဲတွင် မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုး သက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များက နွေစပါးနှင့် မိုးကြိုဝါ စိုက်ပျိုးထားသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးများနှင့် တောင်သူများအား ယူရီးယား ဓာတ်မြေဩဇာများ ရောင်းချပေးခဲ့သည်။

ယူရီးယားဓာတ်မြေဩဇာများကို မကျီးကန်၊ အောင်သာ၊ ရွာမွန်သာ၊ ဇီးပင်ပေါက်၊ ဘိုကုန်း၊ မင်းလှ၊ နှမ်းကန်၊ အိုင်ဒွန်း၊ သာဂရ နှင့် ကုက္ကိုစု ကျေးရွာအုပ်စုတို့၌ တောင်သူများ စိုက်ပျိုးထား သော မိုးကြိုဝါစိုက်ဧက ၅၅၀ နှင့် နွေစပါးဧက ၉၅၀ တို့အတွက် ရောင်းချပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကော့သောင်းမြို့နယ်၌ ဆလုံ(မော်ကင်န်) နှစ်သစ်ကူးပွဲတော်ကျင်းပ




**ကော့သောင်း မတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ဆလုံ(မော်ကင်န်) လူမျိုးများ၏ ဒုတိယအကြိမ်မြောက် ဆလုံ(မော်ကင်န်) နှစ်သစ်ကူးပွဲတော်ကို ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု မကြုံကလက်ကျေးရွာ၌ ယမန်နေ့က ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်လှိုင်၊ Kento Travel Co.,Ltd.မှ ဦးဗညားသိုင်းမွန်၊ SCG Co.,Ltd.မှ ဦးတင်ကျော်မင်း၊ ဆလုံ(မော်ကင်န်)နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဆလုံ(မော်ကင်န်) တိုင်းရင်းသားရိုးရာပြခန်းကို လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် ဆလုံ(မော်ကင်န်) နှစ်သစ်ကူးပွဲတော်ကို ဆက်လက်ကျင်းပရာ မကြုံကလက်ကျေးရွာမှ ဆလုံ(မော်ကင်န်) တိုင်းရင်းသားများက ရိုးရာအကဖြင့် အခမ်းအနား ဖွင့်လှစ်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက နှစ်သစ်ကူးပွဲတော် အမှာစကားပြောကြားသည်။ ယင်းနောက် စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံများနှင့် အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများကလက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဆလုံ(မော်ကင်န်)နှစ်သစ်ကူးပွဲတော် အကပြိုင်ပွဲ၊ ပြဇာတ်ပြိုင်ပွဲမှ ဆုရရှိသည့် အသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ကော့သောင်းမြို့နယ် ညောင်ဝိကျေးရွာမှ ဆလုံ(မော်ကင်န်)များက တိုင်းရင်းသားရိုးရာ အကဖြင့် ကပြဖျော်ဖြေခဲ့သည်။

အခမ်းအနားအပြီးတွင် ဆလုံတိုင်းရင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ ရေငုပ်ပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# မိုင်းဖြတ်မြို့နယ်၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေး မိတ်ဆက်သင်တန်းဖွင့်



**မိုင်းဖြတ် မတ် ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ အခြေခံပညာကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့်စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး မိတ်ဆက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က အထက (မိုင်းဖြတ်) ရှိ ရွှေလီဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ဖြိုးတင်ဇာကိုက အမှာစကားပြောကြားသည်။ ထို့နောက် အထက(ဟိုနား)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စိန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ နည်းပြများက သင်တန်းကို ဆက်လက်ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် ကြိုဆိုမိတ်ဆက်ခြင်း၊ ကျန်းမာပျော်ရွှင်မှု၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်ဖိစီးမှုများ၊ စိတ်လူမှုဆက်ဆံရေးအထောက်အပံ့များ စသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၈၅ ဦး တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လမြိုင်တက္ကသိုလ်၌ နွေရာသီအခြေခံကွန်ပျူတာသင်တန်းဖွင့်

**မော်လမြိုင် မတ် ၂၄**

မွန်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံ ကွန်ပျူတာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက်က မော်လမြိုင်တက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချစ်စိန်က အမှာစကား ပြောကြားရာ၌ နွေရာသီ ကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အနေဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးပြု၍ အခြေခံကွန်ပျူတာ အသုံးပြုခြင်းများကို တတ်ကျွမ်းစေရန် သင်တန်းကို ရည်ရွယ်ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပေးသည့် သင်ခန်းစာများကို ဂရုစိုက်သင်ကြားပြီး လက်တွေ့တွင် ကိုင်တွယ် အသုံးပြုကြစေရေး၊ သင်တန်းအား ပြီးမြောက်သည်အထိ မပျက်မကွက် တက်ရောက်ကြရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၇ ဦး တက်ရောက်ကာ သင်တန်းကို မတ် ၂၄ ရက်မှ ဧပြီ ၂၄ ရက်အထိ တစ်လကြာ စာတွေ့/လက်တွေ့ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**



# ဇေယျာသီရိမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**နေပြည်တော် မတ် ၂၄**

ဇေယျာသီရိမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေး



ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များသို့ ယနေ့နံနက်ပိုင်းက သွားရောက်၍ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် စစ်ဆေးအကြံပေးလုပ်ငန်းများနှင့် ဆီထည့်နေစဉ် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်စက်များ စီတန်းရာတွင် ယာဉ်တစ်စီးချင်းအလိုက် ကားတစ်စီးစာချန်လှပ်၍ စီတန်းပေးရန်နှင့် ဆီဖြည့်နေစဉ်အတွင်း Trolley Type မီးသတ်ဆေးဘူးဖြင့် အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် ကျွမ်းကျင်စွာ လေ့ကျင့်ပေးထားသော ဝန်ထမ်းအား သီးခြားတာဝန်ပေးအပ်ထားရန်အတွက် အကြံပေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ၂၀၂၆ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် မတ် ၂၄**

၁၉၇၃ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မတ်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၆ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ- အင်္ဂလိပ်ဘာသာစကား)တို့၏ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ဇလွန်ကျော်ဦး၊ ကိုကျော်စွာ (ကျိုက်ပိ)တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်း၊ ကိုကိုတင် (တရားလွှတ်တော်ရှေ့နေ)တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ လွဲလွဲဝင်း(သတ္တဗေဒ)တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ထက်ဝေအောင်(စစ်ကိုင်း)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ မောင်ခင်ညို (မန်းတက္ကသိုလ်)၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ကျော်နန္ဒအောင်၏ မူပိုင်ခွင့်ဆိုင်ရာဆောင်းပါး၊ ရဲရင့်နဒီ၏ အမုန်းစကားဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ အာကာကိုကို၊ ကြည်လွင်ဦး(ရေနံ)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ စိန်ဝင်းမော်၊ ပါမောက္ခဦးသိန်းလှိုင်၊ ဆောင်းဝင်းလတ်၊ စိုးစိုး (ပန်းတောင်း)၊ မြသာဝင်း၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်စာအုပ်ဆိုင်၊ ဖုန်း ၀၉- ၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ဆင်ခြင်တုံတရားမဲ့စွာ လူမဆန်တဲ့လုပ်ရပ်နဲ့ ပြည်သူအပေါ် ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် **“PDF လူငယ်တွေကို ခုတုံးလုပ်ခဲ့တဲ့ နွေဦးတော်လှန်ရေးကြီး ဇာတ်သိမ်းလေပြီ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဆီထွက်ဆောင်းသီးနှံနေကြာ စံပြစိုက်ခင်းတွင် စံကွက်ရိတ်သိမ်း



မော်လမြိုင်ကျွန်း မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ ဆောင်းနေကြာ စံပြစိုက်ခင်းအား ယနေ့ နံနက်ပိုင်းက တံခွန်တိုင်ကျုံဝါး ကျေးရွာ တောင်သူဦးတင်ထွန်း၏ ကွင်းအမှတ် (၁၁၄၇-ခ) ဦးပိုင်အမှတ်(၁၀/၈)၊ ရေဆင်းစပ်မျိုး (၁) ငါးဧက စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်သည်။

အဆိုပါ ဆီထွက်သီးနှံဆောင်း နေကြာ စံကွက်ရိတ်သိမ်းနေမှု ကို မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက ဆောင်းနေကြာ စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆီထွက်သီးနှံ ဆောင်းနေကြာ စံကွက်ရိတ်သိမ်းရာ နေကြာတစ်ကေလျှင် အစိုထွက်တင်း ၄၀ နှင့် အခြောက်ထွက်တင်း ၃၀ ဒသမ ၄၈ ထွက်ရှိကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**



## ချောင်းသာမြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

ချောင်းသာ မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ချောင်းသာမြို့ရှိ မြို့မဈေးနှင့် လူစည်ကားရာ နေရာများ၌ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဖြန့်ဝေပေးရာတွင် ချောင်းသာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့်ဝန်ထမ်းများက တပ်မတော်နေ့ဖြစ်ပေါ်လာပုံ၊ တပ်မတော်သားများ၏ အသက်သွေး၊ ချွေးပေးဆပ်ရပုံ၊ တပ်မတော်၏ သမိုင်းကြောင်းများကို ပြည်သူများသိရှိစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ လက်ကမ်းစာစောင်များကို ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

**မျိုးဝင်း(ပြန်/ဆက်)**

## ဖြူးမြို့နယ်အတွင်း ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေးဟောပြော

ဖြူး မတ် ၂၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ ရာသီဥတုပြောင်းလဲမှု ဘေးအန္တရာယ်ဆိုင်ရာများ သိရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ရွာတန်းရှည်ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများအား မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြောသည်။



ထိုသို့ဟောပြောရာတွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးအောင်ကျော်မိုးတို့က ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များနှင့် သစ်တောသစ်ပင်များ၏ အရေးပါမှုအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ



မကွေး မတ် ၂၄

(၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့က မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ဝင်းအိမ္ဗနိက မြန်မာ့လွတ်လပ်ရေး သမိုင်းကြောင်းနှင့် တပ်မတော်နေ့ ဖြစ်ပေါ်လာပုံ၊ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးအကြောင်းအရာများကို အသိပညာပေး ဆွေးနွေး ဟောပြောခဲ့သည်။

ထို့နောက် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို ဆက်လက်ပြုလုပ်ရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုကြပြီး အဖြေမှန်ရရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## ကန်ကြီးထောင့်မြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

ကန်ကြီးထောင့် မတ် ၂၄

ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က အများပြည်သူ စည်ကားရာနေရာများ၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်၍ ဝန်ထမ်းများက အများပြည်သူ စည်ကားရာနေရာများဖြစ်သည့် ရုံးပေါင်းစုံရှိ စားသောက်ဆိုင်များ၊ ကန်ကြီးထောင့်-မာလာကုန်းတွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ခိုင်ကျည်ရဲဝံ့စွန့်စားသည့် သန္နိဋ္ဌာန်စိတ်ထားဖြင့် ထာဝစဉ်ရှင်သန်ရပ်တည်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်၏ စွမ်းရည်သုံးရပ်၊ တပ်မတော်အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းပုံ၊ တမ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်၊ မဆုတ်မနစ်တဲ့ ဖွဲ လုံ့လနဲ့ ကျေပွန်အောင်ထမ်းဆောင်၊ အားသစ်စေကြောင်း ပြည့်သားကောင်း ကဗျာများ ပါဝင်ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

လှိုင်ကော် မတ် ၂၄

ကယားပြည်နယ် လှိုင်ကော်မြို့၌ မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတင်းစကားလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများသည် ယမန်နေ့က အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ အခမဲ့ဖြန့်ဝေခဲ့သည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ အခမဲ့ဖတ်ရှုလေ့လာနိုင်ရန် ထုတ်ဝေပေးသော (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်တွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပုံ၊ တပ်မတော်၏ စွမ်းရည်သုံးရပ်၊ ဂုဏ်ပြုဆောင်းပါး အနှစ်ချုပ်၊ အားသစ်စေကြောင်း ပြည့်သားကောင်း ကဗျာ၊ ကာတွန်း စသည့်အကြောင်းအရာများ ပါဝင်ကြောင်းနှင့် အဆိုပါသတင်းစကားလက်ကမ်းစာစောင်ကို သက်မွေးသင်တန်းကျောင်းများနှင့် လူစည်ကားရာနေရာများတွင် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နယ်ဉ်မိုး(ပြန်/ဆက်)**

## တောင်ငူခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်

တောင်ငူ မတ် ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက်က ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက အမှာစကားပြောကြားပြီး သင်တန်းအား ဖွင့်လှစ်သည်။ အခြေခံအင်္ဂလိပ်စာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိပြီး နည်းပြဆရာများအဖြစ် ဦးသန့်ဇင် (Free Lancer)နှင့် ဦးစောဂျရုန်း(တာဝန်ခံကျောင်းအုပ်ကြီး၊ Sweet Family ကိုယ်ပိုင်အထက်တန်းကျောင်း)တို့က အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်သဒ္ဒါတို့ကို မတ် ၂၃ ရက် မှ ဧပြီ ၂၉ ရက်အထိ လည်းကောင်း၊ ရှေးဦးပြုစုနည်း အခြေခံသင်တန်းကို တောင်ငူခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ နည်းပြများက မတ် ၂၄ ရက်မှ ၂၆ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၀ အား အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၉

ဦးသိန်းနိုင် နှင့် ဦးကြည်မောင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးရဲငွေ)

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက် (ဆ-၂)၊ ဦးပိုင်အမှတ် (၃၄) နေ ဦးဆယ်၏ သားဖြစ်သူ ဦးကြည်မောင် (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးရဲငွေ (ဘ)ဦးသောင်းရှိန် ၉/မရမ (နိုင်)၀၄၀၆၁၆) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးသိန်းနိုင်က မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၀၀-၄)၊ ဦးပိုင်အမှတ် (၆၄)၊ ဧရိယာ (၀ ဒသမ ၀၅၅) ဧက အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ ( ၉ ) ရက်၊ (၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ( ၈ )ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက် တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၁၉) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အ.ထ.က (၁)၊ Grade-7(A) မှမောင်ထက် မြတ်နိုင်အား ယနေ့မှ စ၍ မောင်နိုင်သုတ ဟု ပြောင်းလဲခေါ်ပါရန်။

## တစ်ဦးတည်းဖြစ်ကြောင်း

ကျွန်မ မဒီမော်စံ (၁၁/ကဖန (နိုင်)၁၅၁၈၁၀) ၏ မိခင် ဒေါ်အောင်ကြည် (ခ) ဒေါ်မအောင်ကြည်(၁၁/ကဖန(နိုင်)၁၄၂၂၁၇)သည် လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 82W/42751 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ အောင်ပန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် W/22129, Honda-C-90 ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင် ၂/လကန(နိုင်)၀၁၁၂၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**လွိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 5E/1477 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဆွေ ၉/ပသက(နိုင်)၀၉၆၂၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး ( ၁၀ ) ၊ ကွင်း / အကွက်အမှတ် ( ၃/ပဒေသာ) ၊ ဦးပိုင်အမှတ် (၃၆၁) ၊ မြေဧရိယာ ( ၀ဒသမ၁၁၀ ) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မိမိစံမှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ ကွင်း/အကွက်အမှတ်(၁၄-က/နန္ဒဝန်)၊ ဦးပိုင်အမှတ် (၁၆၂-က+၁၆၃)၊ မြေဧရိယာ(၀.၁၄၇ )ကေရှိ မြေကွက်အား မြေငှားဂရန် ( ဦးပိုင်ခွဲ၊ အမည်ပြောင်း ) လျှောက်ထားနိုင်ရေး ဒေါ်ချိုဇင်ရွှေ (၇/အဖန(နိုင်)၁၁၃၂၆၃) မှလည်းကောင်း၊ ဦးပိုင်အမှတ် (၁၆၀+၁၆၁-ခ)၊ မြေဧရိယာ(၀.၁၄၇)ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ခင်မိုးနွယ် (၁၄/ပသန(နိုင်)၁၅၉၈၄၃) မှလည်းကောင်း၊ ဦးပိုင်အမှတ် (၁၆၁-က)၊ မြေဧရိယာ(၀.၇၃)ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဇာနည်ဦး (၁၂/ခရန(နိုင်) ၀၀၃၂၄၇) မှ လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော လမ်းမတော်မြို့နယ်၊ လမ်းသစ်ပြည်သူ့အငှားအိမ်ရာ၊ တိုက် အမှတ်(A)၊ အခန်းအမှတ် (1013)၊ (1110)၊ (1213) (1313)၊ (1413)၊ (1414)နှင့် (1514)တို့၏ အိမ်ခန်းပြန်လည်ငှားရမ်းခွင့်များအား ၃၀-၉-၂၀၂၅ ရက်မှစ၍ ပယ်ဖျက်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခင်ထုတ်ပေးထားသော နေထိုင်ခွင့် အကြောင်းကြားစာများမှာ ပယ်ဖျက်ပြီးဖြစ်၍ ပြန်လည်အပ်နှံရန် အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ၊ အပိုင်း (၁)၊ တိုက်အမှတ်(၅)၊ အခန်းအမှတ် (၂၀၅)၊ အမည်ပေါက် ဦးခင်ဝင်းထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထွေးထွေးကြည် (၇/သနပ(နိုင်)၀၁၈၉၄၁) မှ တိုက်ခန်းပိုင်ဆိုင်မှု Owner Book စာအုပ် ထုတ်ယူခွင့်ပြုပါရန် တိုက်ခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများ တင်ပြလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၂၈)၊ မြရည်နန္ဒာအိမ်ရာ၊ (၄)ခန်းတွဲ (၆) ထပ် ၊ တိုက်အမှတ်(၂၀)၊ အခန်းအမှတ် (၂၄)၊ ပဉ္စမထပ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်များအားလုံးတို့ကို ပိုင်ဆိုင်သည်ဟုဝန်ခံကတိပြုသူ ဦးအုန်းကျော်ကျော် (ဘ) ဦးအုန်းမောင် ၉/မရမ(နိုင်)၀၀၇၈၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ပစ္စည်းလွှဲပြောင်းခြင်းဥပဒေအရ ဥပဒေနှင့်အညီ လွှဲပြောင်းပြီးပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်း ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်း ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဟိန်းလင်းဝေ(ဘ)ဦးဆင့်**
**၅/ဒပယ(နိုင်)၀၈၁၁၇၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီချစ် (တရားလွှတ်တော်ရှေ့နေ)**
**( စဉ်-၄၃၆၀ )**
**B.Sc, M.Sc (physics),**
**D.B.L, HG.P, RL (ADVOCATE)**
**ဒေါ်မိုးမိုးခိုင် (စဉ်-၁၃၀၂၆)**
**ဒေါ်ရတနာချစ်စု (စဉ်-၁၃၃၄၆)**
**ဒေါ်သန်းသန်းစိုး (စဉ်-၁၅၂၆၇)**
**(တရားလွှတ်တော်ရှေ့နေများ)**
**၈၇ အေ-လမ်း၊ ၃၄လမ်းx၃၅-လမ်းကြား၊**
**မန္တလေးမြို့၊ ဖုန်း-09-2003690၊ 09-2050566.**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/56625, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်း ၅/ဝလန(နိုင်) ၁၀၃၉၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/9574, NISSAN DIESEL CD45CV, Truck (6x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အားကြူ ၁/ဗမန(နိုင်)၀၃၈၀၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/64700, Zong Sheng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာန်စိုး ၉/အမဇ(နိုင်)၀၃၅၀၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/27177, Zhineng -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သီရိထွန်း ၁၃/တကန (နိုင်)၁၃၃၆၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်သစ်ရပ်ကွက်နေ ဦးတင်မောင်ဝင်း (၉/ပသက(နိုင်)၀၀၈၅၃၃)-ဒေါ်ဝင်း (၉/ပသက(နိုင်)၀၀၈၅၄၁)တို့၏သားဖြစ်သူ ကိုမင်းမင်းထွန်း (၉/ခအဇ (နိုင်)၀၀၇၇၂၉) သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။**

**ဦးတင်မောင်ဝင်း-ဒေါ်ဝင်း**

## Hana Microfinance Limited ၏ ဒါရိုက်တာပြောင်းလဲခန့်အပ်ခြင်းအား အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် (၇၂) တွင် ရုံးချုပ်တည်ထောင်ဖွင့်လှစ်ထားသည့် Hana Microfinance Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ် – ၁၀၁၈၂၉၁၆၂) ၏ ၂၅-၂-၂၀၂၆ ရက်တွင် ကျင်းပသည့် အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့ဝင်အား အောက်ပါဇယားအတိုင်း ပြောင်းလဲအတည်ပြုခန့်အပ်သွားမည်ဖြစ်ပါကြောင်း အများပြည်သူများ သိရှိနိုင်ပါရန် ကြော်ငြာအပ်ပါသည်-

| စဉ် | ယခင် BOD အဖွဲ့စာရင်း | ယခုပြင်ဆင်ပြောင်းလဲမည့် BOD အဖွဲ့စာရင်း |
|---|---|---|
| ၁ | ဦးမင်းမင်းဇော် (၁၄/မမန (နိုင်) ၁၄၉၉၂၄) | ဦးမင်းမင်းဇော် (၁၄/မမန (နိုင်)၁၄၉၉၂၄) |
| ၂ | MR. CHANG WON SUK (M04891108) | MR. CHANG WON SUK (M04891108) |
| ၃ | MR. HA SONG AM (M22804277) | MR. YOON TAE SUN (M67601281) |
| ၄ | MR. LEE JAE SUNG (M130D6693) | MR. LEE JAE SUNG (M130D6693) |
| ၅ | MR. KIM HYUNG KYOO (M388C2586) | MR. KIM HYUNG KYOO (M388C2586) |

**အစုရှယ်ယာရှင်များ**

## ကန့်ကွက်နိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကျေးရွာအုပ်စု- ရေထွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည်- ၄၉၈-က ကျိုကုန်း၊ ဦးပိုင်အမှတ်- ၂၃၀/၂ ၊ ၂၃၀/၂၅၉၊ ၂၅၇/၅ ၊ မြေမျိုး- ဥယျာဉ်၊ မြေဧရိယာ- ၀. ၉၆ + ၁. ၀၄ + ၀. ၄၈- ၂. ၄၈ ဧက ရှိ မြေကွက်အနက်မှ တရားဝင်တိုင်းတာခွဲစိတ်ရခြင်း မရှိသေးသော အရှေ့ဘက်ခြမ်း မြေဧရိယာ (၁. ၇၉) ဧက ခန့်ရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လယ်မြေမှတပါး လယ်ယာမြေအား အခြားနည်းအသုံးပြုရန် (ဟိုတယ်လုပ်ငန်းမြေနေရာအဖြစ် အသုံးပြုရန်) ခွင့်ပြုမိန့်ရရှိထား၍ တစ်ဦးတည်းတရားဝင်လက်ရှိလုံးဝ ပိုင်ဆိုင်သူ ဒေါ်နန်းလုစိန် (၉/မရမ (နိုင်) ၀၇၈၀၁၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 17W/77527 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 20W/94432 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အမှတ် (၃၁၁) ဟု ခေါ်တွင်သော (၂)ခန်းတွဲ(၅)ထပ်တိုက်အဆောက်အအုံမှ တတိယထပ်(အေ/၄-လွှာ)၊ (ခေါင်းရင်း)၊ အကျယ်အဝန်း( ၁၁-၃ ပေ x ၄၆ ပေ )ရှိ ရေမော်တာနှင့် မီတာပါရှိသော တိုက်ခန်း(၁)ခန်းနှင့် ၎င်း တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်အေးအေးလှိုင် ( ၁၂/ပဘတ (နိုင်) ၀၀၇၈၄၄ ) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်စိုး (၁၁/အမန(နိုင်)၀၄၃၃၃၄) က အပြီးအပိုင် လက်ရောက်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများကို ပေးချေထားပြီးဖြစ်၍ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ မည်သူမဆို စာရွက်စာတမ်း မူရင်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးထက်နောင်လှိုင်(LL.B, DIL)၊ အထက်တန်းရှေ့နေ (စဉ် – ၄၃၄၈၁/၂၀၁၄)**
**အမှတ် (၈၆၈)၊ (၃) လွှာ၊ ခေါင်းရင်းခြမ်း၊ (၂) လမ်း၊ (၁) ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉-၄၀၃၉၈၉၄၇၄**

## ဗိုလ်မှူးသန်းဦး နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၄)၊ ဦးပိုင်အမှတ် (၇၁)၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးသန်းဦးထံမှ ကျွန်မ ဒေါ်ရင်ရင်နွဲ့က (၂၃-၆-၂၀၁၆)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင် အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဗိုလ်မှူးသန်းဦးနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**ဒေါ်ရင်ရင်နွဲ့ (ဘ) ဦးညွန့်အောင်**
**၁၃/ကတန (နိုင်) ၁၉၀၉၁၃**
**အကွက် (၀-၄)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉- ၂၅၁၇၇၄၇၂၀**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ဆင်းကွက်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (ကျောက်ဆောင်) Grade-11 မှ (ဘ) ဦးဇော်ဝင်း (၉/မသန(နိုင်)၀၇၄၈၂၈)၏သမီး မနှင်းနံ့သာစံ၏ အမည်မှန်မှာ မနှင်းဆုဝေ ဖြစ်ပါကြောင်း။

**မနှင်းဆုဝေ**

## ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ တောင်သူစုရပ်ကွက်၊ အကွက်အမှတ် (၂၃)၊ မယ်ဇယ်ကျောင်း အကွက်၊ ဦးပိုင်အမှတ်(၂၀က)၊ မြေဧရိယာ(၀.၂၄၂)ကေရှိ မြေကွက်အား ကျိုက်ထိုမြို့နယ် မြေစာရင်းဦးစီးဌာန၏ (၁-က)စာရင်းတွင် မူလပိုင်ရှင်ဖြစ်သူ မောင်ဖြူစင်ကျော် + မောင်မင်းသီလ အမည်မှ ဒေါ်နီလာဝင်း အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ၂၀၂၆ ခုနှစ်၊ မတ်လ (၂၃) ရက်မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၄) ရက်မတိုင်မီ ရက်ပေါင်း (၃၀) အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာန၊**
**ကျိုက်ထိုမြို့**

## ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ မြောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ် (၂၁/N)၊ မြောက်ပိုင်းအကွက်၊ ဦးပိုင်အမှတ်(၁၁)၊ မြေဧရိယာ(၀.၀၃၂)ကေရှိ မြေကွက်အား ကျိုက်ထိုမြို့နယ် မြေစာရင်းဦးစီးဌာန၏ (၁-က)စာရင်းတွင် မူလပိုင်ရှင်ဖြစ်သူ ဦးအောင်ခင် – ဒေါ်ပု အမည်မှ ဦးစောထွန်း-ဒေါ်သီရိသိမ့်သိမ့် အမည်သို့ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ၂၀၂၆ ခုနှစ်၊ မတ်လ(၁၈)ရက်မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၇) ရက် မတိုင်မီရက်ပေါင်း (၃၀) အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာန၊**
**ကျိုက်ထိုမြို့**

စာအုပ် စာပေ
လူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၁

ဦးကျော်အောင် နှင့် တပ်သား မြင့်အောင်
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် (မမ-၄)၊ ဦးပိုင်အမှတ် (၃) နေ ဦးကျော်အုံး ၏ သားဖြစ်သူ တပ်သား မြင့်အောင် (၉/မနမ(နိုင်)၀၈၄၇၀၉ ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးကျော်အောင် က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၈)၊ ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၉) ရက် (၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၈)ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီ တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၁၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( နန်းလဲ့ရည်စိုးဦး )
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/5095 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(၁၂/A)၊ မြေ အကျယ်အဝန်း (၅၇x၁၀၀)ပေ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်ခွဲ RC တိုက် အဆောက်အအုံ၏ (၄)လွှာ၊ (၄/B)၊ တိုက်ခန်းအကျယ်အဝန်း (၂၅ ၁/၂ x ၇၀)ပေရှိ တိုက်ခန်း (၁) ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာနှင့် အခြားတွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ငုကေဇင်အောင်သင်း (၁၂/ကမတ(နိုင်)၀၆၂၈၅၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်နန်းဆိုင်အေး** | **ဒေါ်ယဉ်ယဉ်သူ (LL.B)** |
| ၁၃/ဟပတ(နိုင်)၀၀၀၄၁၆ | **အထက်တန်းရှေ့နေ (စဉ် - ၂၅၈၃၂/၂၀၀၇)** |
| | ဖုန်း - ၀၉ -၇၆၄၈၅၂၈၇၉၊ ၀၉- ၇၇၇၀၀၄၉၈၁ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/33869, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသန်းနောင် ၁၄/ပသန(နိုင်)၀၅၅၆၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/51894, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၈/ရစက(နိုင်) ၁၁၄၃၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ နေပြည်တော်ရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၈၆၆၄၀, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုမြတ်မြတ်မွန် ၆/ထဝန(နိုင်)၁၃၈၀၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/5124, DAIHATSU HIJET S201P, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီချို ၁၂/ဥကမ(နိုင်)၁၆၀၈၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## "KUBOTA AYEYARWADY CO.,LTD."(Reg; 107350659 )
## လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇(က)(၂) နှင့် ၁၅၁(က)အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၂၆ခုနှစ်၊ မတ်လ (၂၄) ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ KUBOTA AYEYARWADY CO.,LTD. အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကြည်လင် B.Com(AA)(C.PA)(MAIP-00201)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (လူမွဲခံယူခြင်း ဆိုင်ရာကျွမ်းကျင်သူ)အဖြစ်ခန့်အပ်ထားခဲ့ပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်နှစ်အတွင်းလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၅၁(က)အရတစ်နှစ်ထက် မပိုသောကာလအတွင်း ယင်း၏ကြွေးမြီများကို အတိုးနှင့်တကွ ပေးချေနိုင်ကြောင်းကို အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းနှင့် ပေးသွင်းခြင်းကိုပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **U Zaw Minn Htoon** | **U Kyi Lin(MAIP-00201)** |
| **Managing Director** | **B.Com (AA); C.P.A** |
| **KUBOTA AYEYARWADY CO.,LTD** | **Company Liquidator.** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1R/5898, Hyundai Accent, Saloon (4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယမင်းအဉ္ဇလီ ၁၃/တကန(နိုင်)၃၀၁၅၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၂)နေ ကျူလီဖျင်(ဘ)ဦးကျူဝူရှင်း ၁၃/လရန(နိုင်)၀၇၂၉၄၄ ၏ ပတ်စ်ပို့နံပါတ် (MD ၁၀၄၀၈၆)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၀၅၅၁၉၁

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၃-၂၀၂၆ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၉) ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 24W/22587 အစား 24W/22537 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၁၂) ရပ်ကွက်၊ အကွက်အမှတ်(၅-ဃ)၊ ဈေးတန်း၊ ဦးပိုင်အမှတ်(၁၅၁-ခ)၊ ဧရိယာ (၀ဒသမ၀၂၂)ဧကနှင့် ဦးပိုင်အမှတ်(၁၅၂-က)၊ ဧရိယာ (၀ဒသမ၀၂၄)ဧက ရှိအောက်ဖော်ပြပါ အလားအလာရှိသည့်-
(က) အရှေ့လားသော်- ဘုရားလမ်း၊ (ခ) အနောက်လားသော်-ဦးပိုင် (၁၅၁-က+၁၅၂-ခ)၊ (ဂ) တောင်လားသော်-ဦးပိုင်(၁၅၂-ခ) (ဃ) မြောက်လားသော်-ဦးပိုင် (၁၅၁-က)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်ပပအောင်မှ လျှောက်ထားလာသည့်အတွက်ယင်း၏အမည်ကို ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၃)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန ၊ တောင်ငူမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

